# ကြေးမုံ
# The Mirror

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်၊ တနင်္ဂနွေနေ့၊ (1-4-2007) (၅၂၇၉)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်နယ်၊တိုင်းများတွင် ဒေသလိုအပ်ချက်နှင့်အညီ ဆည်များ၊ တမံများ နိုင်ငံတော်ကတည်ဆောက်ပေးခဲ့ အချို့ဆည်တမံများ နှစ်ကြာလာသည်နှင့်အမျှ ပြုပြင်မွမ်းမံထိန်းသိမ်းမှုကို အလေးထားလုပ်ရန် လိုအပ်နေ ဆည်ရေသောက်ရေိယာများ၌ အောင်မြင်ပြီး ဝင်ငွေရရှိသည့်သီးနှံအမယ်သစ်များ တိုးချဲ့စိုက်ပျိုးရန်အားပေး

## ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ပြိုင်းချောင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၃၁

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က ရခိုင်ပြည်နယ် စစ်တွေခရိုင် ကျောက်တော်မြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော ပြိုင်းချောင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို မတ် ၃၀ရက် နံနက် ရနာရီခွဲတွင် အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။**






**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန် ကျောက်တော်မြို့နယ် ပြိုင်းချောင်းရေလှောင်တမံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**(အပေါ်ပုံ)**နှင့် ပြိုင်းချောင်းရေလှောင်တမံကို တွေ့ရစဉ်။**(အောက်ပုံ)(သတင်းစဉ်)

အဆိုပါ ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ စစ်တွေခရိုင်နှင့် ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများ၊ တောင်သူလယ်သမားများ၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၁-၄-၂၀၀၇
(တနင်္ဂနွေနေ့)

# နိုင်ငံတော်၏ စေတနာကို အလုပ်ဖြင့်တုံ့ပြန် စီးပွားရေးစီမံကိန်းများအောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း တည်ဆောက်လျက်ရှိသည်။ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစေရေးအတွက် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍ စသည့် စီးပွားရေးကဏ္ဍလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် တည်ဆောက်ဖြည့်ဆည်း ဖော်ဆောင်ပေးလျက်ရှိသည်။

အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာရေးကို ဦးတည်ပြီး တိုင်းရင်းသားလုပ်ငန်းရှင်များကို အားပေးကူညီနေသည်။ လယ်ယာလုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ ကုန်သွယ်မှုလုပ်ငန်းရှင်များ၊ ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖြစ် စီးပွားရေးလုပ်ငန်းများ အခြေခိုင်မာစွာဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က ပျိုးထောင်အားပေးလျက်ရှိသည်။

နိုင်ငံတော်က တစ်မျိုးသားလုံး၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်စေရေးအတွက် ပြည်နယ်နှင့်တိုင်းများအလိုက် စီမံကိန်းရည်မှန်းချက်များ ချမှတ်ပေးထားရာ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်၏စေတနာကို တုံ့ပြန်သည့်အနေဖြင့် စီမံကိန်းရည်မှန်းချက်များ ပြည့်မီအောင်မြင်ရေး ကြိုးပမ်းလုပ်ကိုင်ကြရမည်ဖြစ်သည်။

အထူးသဖြင့် လုပ်ငန်းကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှုတိုးတက်စေရေး ကြိုးပမ်းအားထုတ်ကြရန် လိုအပ်သည်။ လုပ်ငန်းများလုပ်ဆောင်ရာတွင် သုံးစွဲငွေများ အတတ်နိုင်ဆုံး ခြိုးခြံချွေတာရေး၊ ငွေလုံးငွေရင်းဖြင့် သုံးစွဲလုပ်ဆောင်ရမည့် လုပ်ငန်းများ၌ စနစ်တကျ စိစစ်လုပ်ကိုင်ကြရေးတို့ကိုလည်း အလေးဂရုပြုကြရမည်ဖြစ်သည်။

စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်များအနေဖြင့် စက်စွမ်းအားပြည့် ထုတ်လုပ်ရေး၊ ဈေးကွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမီမီ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ရေး တီထွင်ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာတွင် အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဘက်ဘက်က ကူညီပံ့ပိုးအားပေးမှုများနှင့် အတူ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံ့ဝန်ထမ်းများအပါအဝင် တစ်မျိုးသားလုံးက လုပ်ငန်းကဏ္ဍအလိုက် အားကြိုးမာန်တက် ဝိုင်းဝန်းကြိုးပမ်း လုပ်ကိုင်ကြခြင်းဖြင့် စီးပွားရေးစီမံကိန်းရည်မှန်းချက်များ ပိုမိုတိုးတက် အောင်မြင်လာမည်ဖြစ်ပါသည်။ ။




**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရိုဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများဆောက်လုပ်ရန်အတွက် ကွယ်လွန်သူအနန္တကျေးဇူးရှင်ဖခင်ကြီး ဦးမြစိန်(မော်လိုက်)ကွယ်လွန်ခြင်း (၁)နှစ်ပြည့်အားရည်စူး၍ ရန်ကုန်မြို့ သုဝဏ္ဏ စိန်ပန်းမြိုင်လမ်းနေ ဇနီးဒေါ်ခင်ရွှေနှင့်သားသမီးများဖြစ်ကြသော ဦးမြင့်ဆွေ(ညွှန်ကြားရေးမှူး-သစ်တော)-ဒေါ်မာမာမြတ်၊ ဦးမျိုးတင့်ဆွေ-ဒေါ်ဖြူမြ၊ ဦးအောင်ကျော်ဝင်း(မီးရထား)-မသဲ၊ ကိုဇွဲ၊ မရဲ၊ ကိုရဲနှင့် မမိုးမရစံနှင့် သားသမီးမြေးမြစ်များက ငွေကျပ် ၁၈၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းနာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။**
(ကြေးမုံ)

| ပြည်သူ့သဘောထား | |
|---|---|
| | ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ |
| | ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ |
| | ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။ |
| | ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |

# ကိုယ်ဝန်ဆောင်မိခင်မှကလေးသို့ HIV ကူးစက်မှုတားဆီးရေးစီမံချက် ကွင်းဆင်းလေ့လာတွေ့ရှိမှု ဝန်ကြီးထံတင်ပြသည့်အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၃၁

**ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ HIV ရောဂါပိုးကူးစက်မှု တားဆီးရေးစီမံချက်နှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့မှ ဦးဆောင်သော လေ့လာရေးအဖွဲ့က လုပ်ငန်းစီမံချက်များအပေါ် ကွင်းဆင်းလေ့လာတွေ့ရှိချက်များကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်ထံ အစီရင်ခံတင်ပြသည့် အခမ်းအနားကို မတ် ၃၀ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်သည်။**(အောက်ပုံ)



အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာစံရွှေဝင်း၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးအစီအစဉ်တို့မှ ဌာနေကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့ အစည်းများမှ လေ့လာရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကုလသမဂ္ဂအဖွဲ့ အစည်းများမှ လေ့လာရေးအဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး ကုလသမဂ္ဂ လေ့လာရေးအဖွဲ့-အဖွဲ့ခေါင်းဆောင် Burnet Institute မှ Dr. Wendy Holmes က မြန်မာနိုင်ငံအတွင်း ကိုယ်ဝန်ဆောင်မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီ ရောဂါကူးစက်မှု တားဆီးရေးစီမံချက်လုပ်ငန်းများအပေါ် ကွင်းဆင်းလေ့လာတွေ့ရှိချက် လုပ်ငန်းစဉ် နည်းဗျူဟာများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများ၊ ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီရောဂါပိုး မကူးစက်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့က အမျိုးသားအာဟာရဖွံ့ဖြိုးရေးစီမံချက်၊ မျိုးဆက်ပွားကျန်းမာရေးစီမံချက်နှင့် ဗဟိုကျန်းမာရေး ပညာဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရောဂါမဖြစ်ပွားမကူးစက်မီ ကာကွယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မှုကို တွေ့ရှိရကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုများရရှိနေသည်ကို တွေ့ရှိရကြောင်း၊ လက်ရှိလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မှုအား ပိုမိုကျယ်ပြန့်စွာ တိုးချဲ့ဆောင်ရွက်ရန် အကြံပြုကြောင်း တင်ပြသည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်သူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ရှိလုပ်ငန်းများ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## သီရိမင်္ဂလာ မဟာစည်ကျောင်းတိုက် သင်္ကြန်အထူးတရားစခန်းပွဲကျင်းပမည်

**ရန်ကုန် မတ် ၃၁**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ၅၁-ရပ်ကွက်၊ မြဝတီမင်းကြီး(၁)လမ်း၊ သီရိမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက်၌ သင်္ကြန်အထူးတရားစခန်းပွဲကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ဓမ္မကထိက ဗဟုဇနေဟိတရေ တွံတေးအရှင်ဣန္ဒက ဆရာတော်က ဧပြီ ၈ ရက်မှ ဧပြီ ၁၇ ရက်အထိ တရားတော်များကိုဟောကြားပြသမည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများ ဧပြီ ၇ ရက် ညနေ ၅ နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်နှင့်အတူ လာရောက်နိုင်ပါကြောင်း နှိုးဆော်ထားသည်။

(က-ပ)

## အထက(၁)သဃ်န်းကျွန်း အာစရိယပူဇော်ပွဲ

**ရန်ကုန် မတ် ၃၁**

အထက(၁) သဃ်န်းကျွန်းတွင် ၁၉၅၄ ခုနှစ်မှ ၁၉၇၅/၇၆နှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီးများ၊ ဆရာမကြီးများအား အာစရိယပူဇော်ကန်တော့ပွဲကို ဧပြီ ၂၁ရက် (စနေနေ့) နံနက်၈နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ လက်ရှိကျောင်းသား၊ ကျောင်းသူများ အပါအဝင် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေများကို ဒေါ်ဝင်းမြင့်(ကျောင်းအုပ်ဆရာမကြီး၊ ဖုန်း-၅၆၅၉၆၆)၊ ဒေါ်မော်မော်စိုး ဖုန်း-၅၆၂၀၆၈၊ ဦးဝင်းမြင့် ဖုန်း-၅၆၂၅၁၆၊ ဦးခင်ညိုထွန်း ဖုန်း-၅၇၂၈၆၁၊ ၀၉၅၁၄၉၅၅၄၊ ဦးခင်ဟုတ် ဖုန်း-၀၉၅၀၁၉၀၈၂၊ ဦးမွန်ကြိုင် ဖုန်း-၀၉၂၀၀၂၀၆၅ နှင့် ဦးနေအေး ဖုန်း-၀၂-၃၀၁၀၉၊ ၀၂-၆၀၆၀၁ တို့ထံ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ အိုးစည်၊ ဒိုးပတ်နှင့် ယိမ်းပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၃၁**

မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ မြန်မာ့ရိုးရာ အိုးစည်၊ ဒိုးပတ်နှင့် ယိမ်းအကပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး ယိမ်းပြိုင်ပွဲများကို မူလတန်းကြိုကျောင်းများ ၁၂ ဦးယိမ်းပြိုင်ပွဲ၊ ရုံးဌာနများ၊ ကျောင်းများ၊ အခြားအဖွဲ့အစည်းများ ၁၂ဦးယိမ်း၊ ၁၆ဦးယိမ်း ပြိုင်ပွဲများဟူ၍ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသော အသင်းများသည် ဧပြီ ၉ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မြို့တော်ဘဏ် ပထမထပ်ရှိ စစ်ဆေးရေးဌာနရုံးခန်း၌ စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်လာရောက်၍ ဖြစ်စေ၊ ဖုန်း-၃၇၉၆၉၃၊ ၃၇၈၀၀၃၊ ၃၇၉၇၉၁ နှင့် ၃၇၄၈၂၂ တို့သို့ ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မိုးကုတ်ဝိပဿနာ တရားစခန်း

**ရန်ကုန် မတ် ၃၁**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ဇောတိက(၁)လမ်း မိုးကုတ်ဝိပဿနာတိုက်ခွဲ အမှတ်(၁၈၈) မဟာဝိသုဒ္ဓါရုံကျောင်းတိုက်တွင် ခုနစ်ရက်တရားစခန်းကို မဟာဝိသုဒ္ဓါရုံကျောင်း ဆရာတော် နယ်လှည့်ဓမ္မကထိက ဦးဝိသုဒ္ဓနှင့် နယ်လှည့်ဓမ္မကထိက လသာအေးကျောင်း ရေနီဆရာတော် ဦးဓမ္မပိယ၊ နယ်လှည့်ဓမ္မကထိက ဦးသိန်းမြင့်တို့က သစ္စာလေးပါးတရားများ ဟောပြောပို့ချမည်ဖြစ်ရာ တရားဝင်လိုသူယောဂီများ ဧပြီ ၁၄ ရက် ညနေ ၃ နာရီ အရောက်ကြွရောက်ပြီး ၄နာရီတွင် တရားစခန်းဖွင့်မည်ဖြစ်သည်။

(က-ပ)




**ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ရဿဝတီ(၁၂)လမ်းနေ မောင်ဝင်းကိုလတ်-မအိအိကျော် မင်္ဂလာဦးအထိမ်းအမှတ်အတွက် ဦးကျော်အေး-ဒေါ်စန်းစန်းရီ(သမီး)မစန္ဒာကျော်၊ မောင်ဇော်လင်းထွေး (မြေး) သူချစ်ပိုမိသားစုတို့က ဆွမ်းနှင့်ဆေးပဒေသာပင်ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။**
(ဘိုးဘွားရိပ်သာ)

# စာဖတ်ခြင်းအလေ့အထ တိုးပွားမြှင့်တင်ကြပါစို့

မြပုံး (မြန်/ဆက်)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်ပေးလျက်ရှိသည်။ ကမ္ဘာပေါ်တွင် ကျေးရွာ စာကြည့်တိုက်အများဆုံး ဖွင့်လှစ်နိုင်သည့် နိုင်ငံအဖြစ်လည်း ဂုဏ်ယူနိုင်ခဲ့ပြီ ဖြစ်သည်။ **"မြန်မာနိုင်ငံတွင် စာကြည့်တိုက်တွေ ဖွင့်လှစ်နိုင်အောင် အလေးထားဆောင်ရွက်နေခြင်းက ဘာ့ကြောင့်လဲ၊ စာကြည့်တိုက်တွေရှိနေခြင်းက ဘယ်လိုအကျိုးဖြစ်စေသလဲ၊ သည် စာကြည့်တိုက်တွေကို ဘာလို့ တခမ်းတနား ဖွင့်နေကြတာလဲ"** ဟု တွေးမိကြလိမ့်မည်။

လိုရင်းကို ပြောရမည်ဆိုလျှင် စာပေသည် လူမျိုး၏ လူနေမှုအဆင့်အတန်းကို ညွှန်းဆိုပြနိုင်သည့် သာဓကတစ်ခုပဲဖြစ်သည်။ စာပေမြင့်လျှင် လူမျိုးတင့်မည်ဆိုသကဲ့သို့ စာပေအဆင့်အတန်း မြင့်မား လာလျှင် ထိုနိုင်ငံရှိ လူမျိုး၏ လူနေမှုအဆင့်သည်လည်း ဖွံ့ဖြိုးတိုးတက် လာမည်ကို မပြောဘဲ သိနိုင်ပါသည်။ စာပေဗဟုသုတ နည်းပါးသူတို့ နေထိုင်ရာအရပ်သည် ဖွံ့ဖြိုးတိုးတက်မှုမရှိသဖြင့် ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် လွန်စွာနိမ့်ကျရုံမက သူတစ်ပါး၏ လွှမ်းမိုးခြယ်လှယ်မှုကိုပါ ခံရနိုင်ဖွယ်ရှိပါသည်။

**ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြံဆလုပ်ကိုင်ရမည့်တာဝန်သည် သည်မြေမှာ မွေး၊ သည်ရေကိုသောက်ပြီး သည်မြေပေါ်မှာ ပေါက်ဖွားကြီးပြင်းလာခဲ့သူတိုင်းက အသိတရားရှိရှိဖြင့် လုပ်ဆောင်သွားရမည့် တာဝန်တစ်ရပ်ဖြစ်ပါသည်။**

သို့ဆိုလျှင် ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသ ခေတ်မီတိုးတက်စေရန် မည်သို့ကြံဆောင် ကြိုးပမ်းကြမည်နည်း။ ပညာဉာဏ် အသိတရားနှင့် ဗဟုသုတကြွယ်ဝပြည့်စုံသူတို့က ဦးဆောင်၊ ဦးရွက်ပြု၍ ကြိုးပမ်းလုပ်ဆောင် ကြရမည်ဖြစ်သည်။ ပညာမရှိသူကို ပညာရှိလာစေရန်၊ ဗဟုသုတ ဆင်းရဲချို့တဲ့သူကို ဗဟုသုတပြည့်စုံကြွယ်ဝလာစေရန် သွန်သင်ညွှန်ပြဖေးမလက်တွဲ ခေါ်ဆောင်သွားရမည် ဖြစ်သည်။

စာမတတ်သူကိုပင် စာတတ်လာအောင် သွန်သင်ပြသပေးနိုင်လျှင် စာမဖတ်ချင်သူကိုစာဖတ်ချင်လာအောင် စည်းရုံးဆွဲဆောင်နိုင်ဖို့က ခဲယဉ်းသည့် အလုပ်မဟုတ်ပေ။ ဦးဆုံး ကျောင်းသားဘဝမှ အခြေခံကာ စာပေကို သင်ကြားစေခဲ့သည်။ စာဖတ်တတ်လာလျှင် ကာတွန်းရုပ်ပြ၊ ပုံပြင်စာအုပ်များကို စိတ်ဝင်တစား ဖတ်လာကြမည် ဖြစ်သည်။

ထိုမှတစ်ဆင့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသည့် စာပေမျိုးကို လက်လှမ်းမီရာ ဖတ်ရှုနိုင်အောင် လေ့ကျင့်ပေးဖို့ လိုပေသည်။ စာဖတ်နိုင်ဖို့ စာသင်ကျောင်းများမှာ ကျောင်းစာကြည့်တိုက်များ ရှိသည်။ ရပ်ကွက်များတွင် ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရှိသည်။ ယင်းသို့ စာကြည့်တိုက်များ ရှိလာစေရန် သက်ဆိုင်ရာ တာဝန်ရှိသူများက တည်ထောင်ဖွင့်လှစ်ပေးခဲ့ကြခြင်းဖြစ်သည်။

ပညာတတ်မှ နိုင်ငံတိုးတက်အောင် ဦးဆောင်ကြိုးပမ်းနိုင် မည်ဖြစ်သည်။ စာပေဖတ်ရှုခြင်းက အသိတရားနှင့် အတွေးအခေါ်ကို ရင့်ကျက် စေနိုင်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက် အကူပြုရာ ရောက်ပေသည်။

အသိဉာဏ်ရှိသူများက စာကြည့်တိုက်ကို မျှော်ကိုးကြသည်။ ဗဟုသုတနည်းပါးသူတို့က စာကြည့်တိုက် ရှိခြင်း၊ မရှိခြင်းကို ကွဲကွဲပြားပြား နားလည်ပုံ မရကြချေ။ စာကြည့်တိုက်ရှိခြင်း၏ အရေးပါမှုကို ခွဲခွဲခြားခြား သိဖို့လိုပါသည်။

စာကြည့်တိုက်တစ်ခုသို့ သွားရောက်စာဖတ်ခြင်းသည် မည်သည့်အရာနှင့်မျှ တန်ဖိုးချင်း လဲလှယ်၍ မရသည့် အရာဖြစ်သည်။ စာကြည့်တိုက်သို့သွားရန်အတွက် ပေးဆပ်ရမည့်အရင်းအနှီးက အချိန်ဖြစ်သည်။ ပြန်လည်ရရှိနိုင်သော အကျိုးအမြတ်က အတွေးအခေါ်၊ ဗဟုသုတ တစ်ပုံတစ်ပင်ကြီး ဖြစ်သည်။

စာကြည့်တိုက်ဟူသည် စာလာဖတ်ရုံသက်သက် တည်ထောင်ဖွင့်လှစ်ထားသည့် နေရာတစ်ခု မဟုတ်ပါ။ အမှန်တကယ် စာပေနှင့် စာဖတ်သူအကြား အတွေးအမြင်ချင်းဖလှယ်ရာ ပေါင်းကူးတံတားတစ်ခုပင် ဖြစ်သည်။ စာအုပ်ထဲမှ အယူအဆတချို့ စာဖတ်သူဦးနှောက်ထဲပါသွားသလို၊ စာဖတ်သူထံမှ အတွေးအခေါ်များလည်း သည်နေရာမှာ ကျန်ခဲ့တတ်ပေသည်။

စာကြည့်တိုက်၏ တန်ဖိုး၊ စာကြည့်တိုက်၏ အရေးပါမှုများ ကျယ်ကျယ်ပြန့်ပြန့်သိရှိဖို့လိုပါသည်။ ကျွန်မတို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက စာကြည့်တိုက်လုပ်ငန်းအတွက် ဌာနဆိုင်ရာများ၊ စာသင်ကျောင်းများ၊ ရပ်ကွက်များတွင် လက်တွေ့ဟောပြောကွင်းဆင်း ဆောင်ရွက်သည့်အခါ အချိန်တိုတိုအတွင်း ထိထိမိမိသိရှိနားလည်သဘော ပေါက် လိုက်နာနိုင်အောင် ဆောင်ရွက်ပေးလျက် ရှိသည်။ စာကြည့်တိုက်ရှိပြီး စာဖတ်ဖို့အချိန်မပေးနိုင်သေးသည့် ကျေးရွာ၊ ရပ်ကွက်များမှ ပြည်သူများ စာဖတ်ချင်လာအောင်၊ မျက်စိပွင့်လာအောင် ဟောပြော နှိုးဆော်ပေးလျက် ရှိပါသည်။

ပြည်သူတွေအားလုံး စာပေဖတ်ရှုခြင်းဖြင့် အသိတရားများရရှိလာပြီး မိမိဘဝကို အဓိပ္ပာယ်ရှိရှိ ရွေးချယ်ပုံဖော် တည်ဆောက်နိုင်ကြမှာ ဖြစ်သည်။ ပြည်သူအားလုံး အမြဲတမ်းစာဖတ်နိုင်အောင် နှိုးဆော်တိုက်တွန်းရမည့် တာဝန်ကို သာမန်ကိစ္စတစ်ရပ်အဖြစ် ပေ့ါပေ့ါတန်တန် မမှတ်ယူသင့်ကြပေ။

**စာဖတ်ခြင်း အလေ့အကျင့်သည်လူ့အသိဉာဏ်ကို ပိုမိုမြင့်မားစေနိုင်သည်။ အသိဉာဏ် မြင့်မားလာလျှင် စွမ်းဆောင်ရည်လည်း မြင့်မားလာမည်ဖြစ်သည်။ စွမ်းဆောင်ရည် မြင့်မားသူသည် မည်သည့် အခါမျှ နိမ့်ကျသည့်ဘဝတွင် ရပ်တည်နေထိုင်ရမည် မဟုတ်ပါ။**

စာကြည့်တိုက်များထူထောင်ဖို့ နိုင်ငံတော်က လုပ်ငန်းလမ်းညွှန်မှုများ ပေးခဲ့သည်။ သက်ဆိုင်ရာ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ဆောင်ရွက်ရမည့် တာဝန်များကို သတ်မှတ်ပေးခဲ့သည်။ ကျွန်မတို့က မိမိတွင်ရှိသည့် ဉာဏ်ရည်ဉာဏ်သွေး၊ အသိပညာ၊ ဗဟုသုတများပေါင်းစပ်ပြီး ပြည်သူများအတွက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

စာပေကြောင့် ပညာရသူ ရခဲ့သည်။ စာပေကြောင့် လောကကို အကောင်းဘက်မှ ကြည့်မြင်တတ်သူ များလာခဲ့သည်။ စာပေကြောင့် အချင်းချင်း အမုန်းသံသယပြေပျောက်ကာ ချစ်ခင်စည်းလုံးညီညွတ်မှု ရခဲ့သည်။ စာပေကြောင့် အသိတရားနှင့် ချင့်ချိန်ကာ အမှား၊ အမှန်ကို တိတိပပ ခွဲခြားတတ်လာခဲ့ကြသည်။ အသိရှိမှသာ ရန်သူနှင့်မိတ်ဆွေကို ခွဲခြားသိမြင် ဆက်ဆံတတ်လာမည် ဖြစ်သည်။ စာပေသည် သည်မျှစွမ်းအားကြီးမားလှသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီဖြစ်သည်။

**အသိတရားရှိလာလျှင် နိုင်ငံတော်အကျိုးကို လိုလားစွာ ထမ်းဆောင်လိုစိတ် ရှိလာမည်ဖြစ်သည်။ အသိတရား ကင်းမဲ့သူက နိုင်ငံနှင့်လူမျိုးအကျိုးကို ဆောင်ရွက်ဖို့ဝေးစွ၊ နိုင်ငံတော်ကြီး ပျက်စီးရာပျက်စီးကြောင်းကိုသာ အစဉ်တွေးတောကြံဆ လုပ်ဆောင်နေကြမည် ဖြစ်သည်။ အသိတရားရှိစေရန် စာပေကသာလျှင် လမ်းပြပေးနိုင်သည်။**

အသိတရားရှိဖို့ စာကြည့်တိုက်များ မရှိမဖြစ် လိုအပ်သည်။ အလိမ္မာစာမှာရှိသည်။ လူတွေမှာ အလိမ္မာရှိလာအောင် စာထဲက အသိတရားတွေကို ထုတ်နုတ်တတ်အောင် စာဖတ်စေချင်သည်။ အသိကြွယ်ဖို့၊ အမြင်ကျယ်ဖို့၊ အတွေးနက်ဖို့ လိုသည်။ ကိုလိုနီခေတ်က ကိုလိုနီအုပ်ချုပ်မှုစနစ်ဒဏ်ကြောင့် မြန်မာတို့ စာမတတ်ခဲ့၊ အောက်တန်းကျခဲ့သည်ကို မေ့ပစ်၍မရနိုင်ပါ။ တချို့က အသိခေါက်ခက် အဝင်နက်ခဲ့၍ သူများကြိုးဆွဲရုပ်ဘဝမှာ က,နေဆဲဖြစ်သည်။ လက်ညှိုးထောင် ခေါင်းညိတ်ဆိုသည့် ဘဝကမလွတ်နိုင်ဘဲဖြစ်နေသည်။ အသိတရား ကင်းမဲ့သွားလျှင် လူ့ဘောင်အကျိုးကို သယ်ပိုးနိုင်သည့် အရည်အချင်းပါ မဲ့သွားနိုင်သည်။ စာပေက လူ့အရိုင်းကို အယဉ်ဖြစ်အောင် လမ်းပြနိုင်သလို၊ ယုံကြည်ချက်၊ ခံယူချက် လွဲမှားနေသူကိုလည်း လမ်းကြောင်းမှန် ပေါ်ရောက်အောင် ဆွဲတင်ပေးနိုင်သည့် စွမ်းအားရှိသည်။

ပြည်သူတွေ စာဖတ်လာစေရန် ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရှင်သန်ခိုင်မာအောင် (ဝါ) ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်သည်။

လုပ်ငန်းတစ်ခု အောင်မြင်ရန်အတွက် နိုင်ငံတော်ကိုသာ အားထားနေ၍မရ။ ပြည်သူများကလည်း စိတ်ပါလက်ပါ စေတနာရှိရှိ အားသွန်ကြိုးပမ်းဆောင်ရွက်ပါမှ အချိန်မီပြီးစီး အောင်မြင်နိုင်မည် ဖြစ်သည်။

သို့ဖြစ်၍ အပြောနှင့်မဟုတ်၊ လက်တွေ့လုပ်ဆောင်ကြဖို့ ကျေးရွာ၊ ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အမြဲတမ်း ရှင်သန်ခိုင်မာနေစေရန် စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး လမ်းညွှန်ချက် (၅)ရပ်နှင့်အညီ ကြိုးကြိုးစားစား လုပ်ဆောင်သွားကြရန် ရေးသားတင်ပြလိုက်ရပါသည်။ ။



ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်နေ ဦးလှမြင့်-ဒေါ်သန်းခင် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## ဆက်ကပ်လှူဒါန်း

**နိုင်ငံတော်အစိုးရမှ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော စမ်းချောင်းမြို့နယ် မနော့ရမ္မပညာဒါနကျောင်းမှ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝါယမိန္ဒအား ချီးကျူးဂုဏ်ပြု ပူဇော်ရန်အတွက် သီဟသုဓမ္မမဏိဇောတဓရ ဦးတင်မောင်ထွေးက နဝကမ္မ အလှူငွေကျပ် ၉၀၀၀၀ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



## အောင်စကြာဆရာတော် တရားဟောကြားမည်

**ရန်ကုန် မတ် ၃၁**

လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဧပြီ ၉၊ ၁၀ ရက် ညများတွင် ဟင်္သာတမြို့ မေဃဝတီပရိယတ္တိစာသင်တိုက်၊ ၁၂ ရက်ညတွင် ကျောက်တန်းမြို့နယ် တံတားမြို့ ကိုသက်လွင်-မမော်မော်လွင်တို့၏ အလှူမဏ္ဍပ်၊ ၁၃၊ ၁၄၊ ၁၅ ရက် ညများတွင် နေပြည်တော် ဓမ္မဒါနပွဲ၊ ၁၆ ရက် ညတွင် သန်လျင်မြို့နယ် စံပြကရင်ဆိပ်ကျေးရွာ၊ ၁၇ ရက် ညတွင် ဒလမြို့နယ် သမ္ဗူတကမ်းခြေ၊ ၁၈ ရက် ညတွင် လှည်းကူးမြို့ ရိပ်သာ ရပ်ကွက် စက်သုံးလုံး ဓမ္မရိပ်သာ၊ ၁၉၊ ၂၀၊ ၂၁ ရက် ညများတွင် ညောင်လေးပင်မြို့နယ် သံတံတား စံပြကျေးရွာတို့၌ နိဗ္ဗာန်လမ်းပြ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး ဆရာတော် ဖုန်း-၀၁-၂၂၄၆၈၁၊ ၀၉-၅၁၁၈၅၃၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

**လှိုင်သာယာမြို့နယ် အခြေခံပညာမူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မြို့နယ်ပထမဆုရရှိသည့် အမက (၂၈)စတုတ္ထတန်းမှ မောင်ဖြိုးတေဇာမင်းအား မြို့နယ်ပညာရေးမှူး ဦးသန်းဌေး ဆုချီးမြှင့်စဉ်။** (ပညာရေး)



**တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ**



## ကြပ်မတ်ဆောင်ရွက်

**ဒလမြို့နယ် ရဲတပ်ဖွဲ့ဝင်များ၏ ၂၀၀၇ခုနှစ် စံပြရဲနှင့် ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲကို ဒလမြို့နယ် အမက(၇)ကျောင်းခန်းမ၌ မတ် ၁၈ရက်ကကျင်းပရာ အရာရှိ အရာခံ အကြပ်တပ်သား ၄၀ ဝင်ရောက်ဖြေဆိုကြပြီး ဒလမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးငွေတိုး ကြပ်မတ်ဆောင်ရွက်စဉ်။** (၅၇)



တရုတ်နိုင်ငံ ရှန်စီပြည်နယ် ရီပင်ယန်မြို့နယ်ရှိ ကျောက်မီးသွေး ထုတ်လုပ်သည့် လုပ်ငန်းခွင်တစ်နေရာကို မတ် ၃၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# လကမ္ဘာစူးစမ်းလေ့လာရေးအာကာသယာဉ် အိန္ဒိယတည်ဆောက်နေ

**မွမ်ဘိုင်း မတ် ၃၀**

အိန္ဒိယနိုင်ငံ၌ ချန်ဒရာယန်-၁ အာကာသယာဉ်ကို စတင်တည်ဆောက်နေပြီ ဖြစ်သည်။ ထိုယာဉ်သည် အိန္ဒိယနိုင်ငံ၏ ပထမဦးဆုံးသောလူလိုက်ပါခြင်းမရှိသည့် လကမ္ဘာသွားယာဉ်ဖြစ်ပြီး ယင်းကို ၂၀၀၈ ခုနှစ်အရောက်၌ လွှတ်တင်မည်ဖြစ်ကြောင်း ထိပ်တန်းအာကာသအဖွဲ့က မတ် ၂၈ ရက်တွင် ပြောကြားသည်။

အဆိုပါအာကာသယာဉ် တည်ဆောက်မှုကို မတ်လမှ စတင်လုပ်ဆောင်နေပြီး လကမ္ဘာမှ အချက်အလက်ရယူခြင်း၊ ပို့လွှတ်ခြင်းများ ပြုလုပ်နိုင်ရန် ကောင်းကင်တိုင် အင်တီနာကြီးများကိုလည်း တပ်ဆင်လျက်ရှိကြောင်း အိန္ဒိယအာကာသသုတေသနအဖွဲ့ (အိုင်အက်စ်အာရ်အို)မှ ပြန်ကြားရေးဌာနညွှန်ကြားရေးမှူး အက်စ်ခရက်ချ်နာမူသာက ပီတီအိုင်သတင်းဌာနသို့ ပြောကြားသည်။ ဟိန္ဒူစတန် အာကာသလုပ်ငန်းနှင့် အိန္ဒိယအာကာသသုတေသန ဂြိုဟ်တုစခန်း (အိုင်အက်စ်အေစီ) တွင် ယင်းအာကာသကို တည်ဆောက်လျက်ရှိသည်ဟု ၎င်းက ပြောကြားသည်။

အန်ဂါလိုရီမှ ကီလိုမီတာ ၄၀ အကွာ ဘရာလာလူရွာ၌ လကမ္ဘာစူးစမ်းရေးပြုလုပ်ရန် အိုင်အက်စ်အာအို အာကာသစူးစမ်းလေ့လာရေးကွန်ရက်ကို တည်ထောင်ထားပြီး ယင်းစခန်းတွင် အရှည် ၁၈မီတာရှိ အင်တီနာကြီးကို တပ်ဆင်ထားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

၃၂ မီတာအရှည်ရှိ အင်တီနာကို အိန္ဒိယ အီလက်ထရွန်နစ်ကော်ပိုရေးရှင်းနှင့် ဘာဘာအဏုမြူ သုတေသနဌာနတို့က ထုတ်လုပ်လျက်ရှိသည်။ ထို့အပြင် ယခုအာကာသယာဉ် တည်ဆောက်ရေးလုပ်ငန်းတွင် ဥရောပအာကာသအေဂျင်စီ (အီးအက်စ်အေ)နှင့် နာဆာအဖွဲ့အပါအဝင် အခြားသော အဖွဲ့များပူးပေါင်းပြီး လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

***အမ်အင်အေ၊ပီတီအိုင်။***

# စက္ကူပို့ကုန်အပေါ် ကန့်ကအခွန်ကောက်ရန်ဆုံးဖြတ်မှု တရုတ်မကျေနပ်ကြောင်း ပြောကြား

**ပေကျင်း မတ် ၃၁**

တရုတ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်ပို့နေသော စက္ကူအမျိုးအစားတစ်မျိုးအပေါ် အမေရိကန်တို့က အကောက်ခွန်ကောက်ခံရန် ဆုံးဖြတ်သည့်ကိစ္စနှင့် ပတ်သက်၍ အလွန်အမင်း မကျေမနပ်ဖြစ်မိကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဝမ်ဇီပင်းက ထုတ်ဖော်ပြောကြားသည်။

တရုတ်စက္ကူတစ်မျိုးအပေါ် အမေရိကန်တို့က ပြစ်ဒဏ်ပေးသည့်သဘောဖြင့် အကောက်ခွန်ကောက်ခံမည့်ဆုံးဖြတ်ချက်အား ချမှတ်ထားသည်ကို အမေရိကန်ကုန်သွယ်ရေးဌာနက မတ် ၃၀ရက်တွင် အသိပေးပြောကြားခဲ့သည်။

အစိုးရက အထောက်အပံ့ပေးမှုဖြင့် ထုတ်လုပ်သော ကုန်စည်များအပေါ် ဆန့်ကျင်အရေးယူရေး ဥပဒေအရ ပြစ်ဒဏ်အဖြစ် အခွန်စည်းကြပ်လေ့ရှိသည်။ တရုတ်နိုင်ငံမှ တင်ပို့သော စက္ကူများအပေါ် ယင်းဥပဒေအရ အရေးယူခြင်းဖြစ်သည်။

**ညှိနှိုင်းဖြေရှင်း**

ကုန်သွယ်ရာ၌ နှစ်နိုင်ငံပြဿနာရှိခဲ့လျှင် နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍ ဖြေရှင်းသွားကြရန် တရုတ်-အမေရိကန်ခေါင်းဆောင်များ သဘောတူညီမှုရှိသည်ဟု ဆိုသည်။ ယခုကိစ္စတွင် အမေရိကန်တို့၏လုပ်ရပ်သည် ယင်းသဘောတူညီချက်နှင့် ကွဲလွဲနေသဖြင့် ချက်ချင်းပြင်ဆင်ပေးရန် တရုတ်တို့က လိုလားလျက်ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ရုရှားအာကာသယာဉ် ပစိဖိတ်ရေပြင်သို့ ဆင်းသက်

**မော်စကို မတ် ၃၀**

ပရိုဂရက်စ်အမည်ရှိ ပစ္စည်းဖြည့်တင်းပေးသည့် အာကာသယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းအတွင်းရှိ နိုင်ငံတကာ အာကာသစခန်းမှ ထွက်ခွာပြီးနောက် ကြိုတင်စီစဉ်ထားသည့်အတိုင်း ဗုဒ္ဓဟူးနေ့နံနက်စောစောပိုင်းတွင် ကမ္ဘာမြေသို့ ဆင်းသက်ခဲ့ကြောင်း ရုရှားအာကာသယာဉ်ထိန်းချုပ်ရေးဌာနက ပြောကြားသည်။

ကမ္ဘာပတ်လမ်းကြောင်းတွင် ငါးလကြာ ရှိနေခဲ့သည့် အဆိုပါ အာကာသယာဉ်သည် လေထုအတွင်း ပြန်လည်ဝင်ရောက်ခဲ့စဉ် မီးလောင်ကျွမ်းခဲ့ပြီး ယာဉ်၏ အစိတ်အပိုင်းများသည် ပစိဖိတ်ရေပြင်အတွင်း ကျရောက်နစ်မြုပ်သွားခဲ့သည်။

အဆိုပါ အာကာသယာဉ်က အာကာသစခန်းရှိ အာကာသယာဉ်မှူးများအတွက် အလေးချိန် နှစ်တန်ရှိ စားနပ်ရိက္ခာ၊ ရေ၊ လောင်စာ၊ အဝတ်အထည်များနှင့် ပစ္စည်းပစ္စယများကို ဖြည့်ဆည်းပေးခဲ့သည်။

အမှိုက်သရိုက်များဖြင့် ပြည့်လျှံနေသည့် အဆိုပါ အာကာသယာဉ်သည် ဆိုယုဇ်အာကာသယာဉ်အတွက် နေရာဖယ်ပေးပြီး အာကာသစခန်းမှ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

***အမ်အင်အေ၊ ရိုက်တာ။***




# ရိုမေးနီးယားရဲတပ်ဖွဲ့ လူကုန်ကူးဂိုဏ်းကို ဖြိုခွင်း

**ဘူခါရက် မတ် ၃၀**

ဂျာမနီနိုင်ငံသို့ အမျိုးသမီးများပို့ဆောင်ပြီး တူရကီနိုင်ငံသူ၊ နိုင်ငံသားများထံသို့ ယူရိုငွေ ၅၀၀၀ခန့် (ဒေါ်လာ ၆၇၀၀)စီဖြင့် ရောင်းချနေသည့် လူကုန်ကူးသော ဂိုဏ်းတစ်ဂိုဏ်းကို ရိုမေးနီးယားအာဏာပိုင်များက ဖြိုခွင်းလိုက်ကြောင်း နယ်စပ်ရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ရိုမေးနီးယားနိုင်ငံသည် လူကုန်ကူးသည့် လုပ်ငန်းလုပ်ကိုင်သည့် နိုင်ငံ ၁၁နိုင်ငံတွင် ပါဝင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု ကုလသမဂ္ဂက သတ်မှတ်ထားသည်။

လူခြောက်ဦးပါဝင်သည့် အဆိုပါ လူကုန်ကူးဂိုဏ်းက ရိုမေးနီးယားနိုင်ငံ၏ အနောက်ပိုင်းဒေသရှိ ကျေးရွာများမှ အမျိုးသမီးများကို ပြည်ပနိုင်ငံတွင် လစာကောင်းသည့် လုပ်ငန်းရှာဖွေပေးမည်ဟု ကတိပြုပြီးစည်းရုံးကြသည်။

အဆိုပါ ဂိုဏ်းက အမျိုးသမီးများကို တရားဝင်ခေါ်ယူသွားပြီး ဂျာမနီ နိုင်ငံရှိ စတုဂတ်နှင့် လူဝစ်စဘတ်မြို့တို့မှ တူရကီနိုင်ငံသားများသို့ ရောင်းစားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဂိုဏ်းက ရိုမေးနီးယားဘဏ်များတွင် ငွေကြေးခဝါချခြင်း၊ အိမ်ရာမြေလုပ်ငန်းလုပ်ကိုင်ခြင်းများရှိခဲ့ကြသည်။

***အမ်အင်အေ၊ရိုက်တာ။***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်း ဟတ်ဝါအရပ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများ ရှင်းလင်းနေသည်ကို မတ် ၃၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အင်ဒိုနီးရှားအနောက်ပိုင်း မြေငလျင်လှုပ် ထိခိုက်ပျက်စီးမှုမရှိ

**ဂျကာတာ မတ် ၃၀**

အင်ဒိုနီးရှားနိုင်ငံ ဆုမားတြားကျွန်း ဘန်ကူလူ ပြည်နယ်အနီး ပင်လယ်ရေအောက်ကို ဗဟိုပြု၍အင်အားရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ မြေငလျင်တစ်ခုမတ် ၂၈ ရက်က လှုပ်ခဲ့သည်။

ဘန်ကူလူပြည်နယ် ဘင်တူဟာဒေသ အနောက်တောင်ဘက် ၈၇ကီလိုမီတာအကွာရှိ ပင်လယ်ကို ဗဟိုပြု၍ ဂျကာတာ မြို့တော် စံတော်ချိန်ည ၁၁နာရီ ၈မိနစ်တွင် ငလျင်လှုပ်သွားကြောင်း ဒေသဆိုင်ရာ မိုးလေဝသနှင့် ဘူမိရူပအေဂျင်စီ (ဘီအမ်ဂျီ)က မတ် ၂၉ ရက်တွင် ထုတ်ပြန်ဖော်ပြထားသည်။ ငလျင်လှုပ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိပေ။

***အမ်အင်အေ၊ဆင်ဟွာ။***



မလေးရှားနိုင်ငံ ဘော်နီယို ပြည်နယ်ဆာဘားဒေသ၌ ဖမ်းဆီးရမိထားသော ရှားပါးလိပ်များကို မတ် ၂၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# မလေးရှားရဲတပ်ဖွဲ့ ရှားပါးပင်လယ်လိပ်များ ဖမ်းဆီးရမိ

**ကွာလာလမ်ပူ မတ် ၃၀**

မလေးရှားနိုင်ငံ ရေကြောင်းထိန်းသိမ်းရေး ရဲတပ်ဖွဲ့သည် ရှားပါးပင်လယ်လိပ် ၂၂၀ တင်ဆောင်လာသော ငါးဖမ်းလှေတစ်စင်းကို လူ ၁၇ ဦးနှင့်အတူ ယခုသီတင်းပတ်အတွင်း ဖမ်းဆီးရမိခဲ့ကြောင်း မတ် ၂၉ ရက်တွင် ရဲတပ်ဖွဲ့ အကြီးအကဲက ထုတ်ဖော်ပြောကြားသည်။

ဖမ်းဆီးရမိသူများကို တိရစ္ဆာန်တရားမဝင်ခိုးဖမ်းမှုဖြင့် အမှုဖွင့်ထားသည်။ ဤဖမ်းဆီးမှုသည် မကြာသေးလှသော အချိန်အတွင်း မလေးရှားရေကြောင်းထိန်းသိမ်းရေး တပ်ဖွဲ့က ဒုတိယအကြိမ် ဖမ်းဆီးနိုင်ခဲ့ခြင်းပင်ဖြစ်သည်ဟု ဆိုသည်။

ဖမ်းဆီးရမိသောလိပ်များသည် မလေးရှားရေပြင်မှ လိပ်များပင်ဖြစ်သည်။ ယင်းတို့ကို များသောအားဖြင့် တိုင်းရင်းဆေးဖော်စပ်ရာ၌ အသုံးချကြသည်။ လိပ်ခွံနှင့် လိပ်သားရေကိုလည်း ဖက်ရှင်ပစ္စည်းများ ပြုလုပ်ရာ၌ အသုံးချကြောင်း သိရသည်။

သတင်းအရ စောင့်ဆိုင်းရှာဖွေဖမ်းဆီးစဉ် ဘော်နီယိုကျွန်းဒေသ ဆာဘားရေပြင်၌ ဖော်ပြပါ လိပ်ခိုးသယ်သောလှေကို ဖမ်းဆီးမိခြင်းဖြစ်သည်။ ရမိသော လိပ်များသည် စွန်နှုတ်သီးပါ ရှားပါးသော အစိမ်းရောင် လိပ်မျိုးများဖြစ်သည်။

ဖမ်းဆီးရမိသော ရေယာဉ်မှူးသည် မလေးရှား ငါးဖမ်းဥပဒေအရ ဒဏ်ငွေအများဆုံးအမေရိကန် ဒေါ်လာ ၂၈၉၀၀၀ အထိ ဒဏ်ရိုက်ခံရဖွယ်ရှိပြီး သင်္ဘောသားတစ်ဦးလျှင် ဒဏ်ငွေ ရင်းဂစ်တစ်သိန်းပေးဆောင်ရဖွယ်ရှိကြောင်း သတင်းက ဖော်ပြသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အာရှ၏ အနက်ဆုံး ရေနံနှင့်ဓာတ်ငွေ့သိုက် တရုတ်နိုင်ငံတွင် စတင်တူးဖော်

ချန်ဒူး မတ် ၃၀

**တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် ထုတ်ယူမှုမပြုလုပ်ရသေးသော ရေနံနှင့်ဓာတ်ငွေ့သိုက်ကို ဖော်ထုတ်ရန် စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းဓာတ်ငွေ့သိုက်သည် အနက် ၈၈၇၅ မီတာတွင် တည်ရှိကြောင်း မီနိုပက်ကုမ္ပဏီက မတ် ၂၄ ရက်တွင် ပြောကြားသည်။**

ချန်ကီရေနံလုပ်ကွက်-၁ ဟုအမည်ပေးထားသော ရေနံနှင့်ဓာတ်ငွေ့သိုက်ကို မတ် ၂၀ ရက်မှ စတင်တူးဖော်နေပြီး လုပ်ငန်းပြီးစီးရန် ၆၇၆ရက် ကြာမြင့်မည်ဖြစ်သည်။ ယင်းဓာတ်ငွေ့သိုက်သည် စီချွမ်ပြည်နယ် အနောက်ပိုင်း မီဘန်ဇူမြို့၌ တည်ရှိပြီး လုပ်ငန်းကုန်ကျစရိတ်မှာ ယွမ် သန်း ၃၀၀ (အမေရိကန်ဒေါ်လာ ၃၈ဒသမ၈သန်း) ရှိမည်ဟု ခန့်မှန်းထားသည်။

ပထမလေးရက်တာ ကာလတွင် ဓာတ်ငွေ့သိုက်တူးဖော်မှုသည် အနက်မီတာ ၁၀၀ရောက် ရှိနေပြီဖြစ်ကြောင်း တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီဖြစ်သော စီနိုပက်ကုမ္ပဏီမှ ဒုတိယအင်ဂျင်နီယာချုပ် ဇောင်ဇီအိုပင်က ပြောကြားသည်။

၂၀၀၆ခုနှစ် ဧပြီလကလည်း စီချွမ်ပြည်နယ် အရှေ့မြောက်ဘက်၌ ကုဗမီတာ ၃၅၆ ဘီလီယံရှိ ဖူဂူအန်ဓာတ်ငွေ့သိုက်ကို တွေ့ရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံတွင် အကြီးဆုံး ဓာတ်ငွေ့သိုက်ဖြစ်ကြောင်း စီနိုပက်ကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။

သို့သော် ကမ္ဘာ့မြေလွှာအောက် အလွန်နက်နဲသော အလွှာတွင်းရှိသော ဓာတ်ငွေ့သိုက်မှ ဓာတ်ငွေ့ကို ထုတ်ယူနိုင်ခြင်းမရှိကြောင်း ဇောင်က ပြောကြားသည်။

၂၀၀၆ခုနှစ် ဇူလိုင်လက တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း တာရမ်ချိုင့်ဝှမ်းရှိ ဓာတ်ငွေ့သိုက် လုပ်ကွက် အမှတ် တာရှန်-၁ တွင် မီတာ ၈၄၀၈ အနက်ရှိ ဓာတ်ငွေ့သိုက်ကို တူးဖော်ရာ ဓာတ်ငွေ့ထွက်ရှိမှုမရှိကြောင်း၊ အာရှတိုက်တွင် အနက်ဆုံးဓာတ်ငွေ့သိုက်ကို တူးဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ တွင်းကို တူးဖော်စဉ်က တရုတ်နိုင်ငံလုပ် ရေနံတွင်း တူးဖော်စက်ဖြင့် တူးဖော်ခဲ့ကြောင်း၊ ယင်းစက်သည် မီတာ ၁၂၀၀၀ အနက်အထိ တူးဖော်နိုင်ကြောင်း ဇောင်က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**တရုတ်နိုင်ငံ ဟောင်ကောင် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆင်းသက်လာသော အဲဘတ်စ်အေ ၃၈၀ ခရီးသည်တင် ဆူပါဂျမ်ဘို လေယာဉ်ကြီးကို မတ် ၃၀ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ကမ္ဘာတစ်ပတ်အပြေးစံချိန်တင် နိုင်ငံ ၃၀ ကိုဖြတ်၍ မိုင် ၃၀၀၀၀ ကျော်ပြေးခဲ့

လန်ဒန် မတ် ၃၀

အသက်(၄၀)အရွယ်ရှိ ဗြိတိသျှလူမျိုးတစ်ဦးသည် ကမ္ဘာတစ်ပတ်အပြေးစံချိန်တင်နိုင်သည့် ပထမဆုံးသော ပုဂ္ဂိုလ်ပင်ဖြစ်ကြောင်း ဂင်းနက်စ်ကမ္ဘာ့မှတ်တမ်းများ စာအုပ်ထုတ်ဝေရေးအဖွဲ့က မတ်၃၀ရက်တွင် ပြောကြားသည်။

**တည်းခို**

ကမ္ဘာတစ်ပတ်အပြေးစံချိန်တင်နိုင်သူမှာ ရောဘတ်ဂါဆိုက်ဆိုသူဖြစ်သည်။ ၎င်းသည် ကမ္ဘာ့တိုက်ကြီးခြောက်တိုက်ရှိ နိုင်ငံပေါင်း ၃၀ကိုဖြတ်သန်း၍ မိုင်၃၀၀၀၀ကျော် ခရီးတာကို ပြေးနိုင်ရန် ငါးနှစ်နှင့် ရှစ်လကြာမျှ အချိန်ယူခဲ့ရသည်။ ကမ္ဘာတစ်ပတ်ပြေးနေစဉ် ဟိမဝန္တာတောင်တန်းဒေသရှိ နှင်းခဲများပေါ်၌ အိပ်ခဲ့ရသည်။

**လွတ်မြောက်**

မက္ကဆီကိုနိုင်ငံတွင် ဓားပြများ၏ ဘေးအန္တရာယ်မှ လွတ်မြောက်အောင် ထွက်ပြေးခဲ့ရပြီး ပနားမားနိုင်ငံတွင် သေနတ်သမားများ၏ ဘေး အန္တရာယ်မှ လွတ်မြောက်နိုင်ရန် ရှောင်တိမ်းခဲ့ရသေးသည်။ ၎င်းသည် ပြည်ဝင်ဗီဇာမရယူခဲ့ခြင်းကြောင့် ငါးညတာမျှ ချုပ်နှောင်ခံခဲ့ရသေးသည်။

ရောဘတ်ဂါဆိုက်သည် အသက် (၂၉)နှစ်သားမှစ၍ ကမ္ဘာတစ်ပတ်အပြေးစံချိန်တင်နိုင်ရန် ကြိုးပမ်းခဲ့သည်။ လေးကြိမ်တိုင်တိုင် ကြိုးပမ်းခဲ့ပြီးမှ ကမ္ဘာတစ်ပတ်အပြေးစံချိန်တင်နိုင်သူအဖြစ် မှတ်တမ်းတင်ခံရသူဖြစ်သည်။

***အင်တာနက်။***

## ကြေးမုံ နိုင်ငံတကာ သတင်းများ

The Mirror

# ဆေးခြောက်စိုက်ပျိုးသူနှင့် ရောင်းဝယ်သူများ ဗီယက်နမ်၌ အဖမ်းခံရ

ဟန္နိုင်း မတ် ၃၀

ဗီယက်နမ်နိုင်ငံ မြို့တော်ဟန္နိုင်းအနီး ဟာတေးပြည်နယ်မြောက်ပိုင်း၌ ဆေးခြောက်စိုက်ပျိုးသူနှင့် ရောင်းဝယ်သူ ၁၀ဦးကို မကြာသေးမီက ဗီယက်နမ်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ပြည်သူ့ရဲ အမည်ရှိ ဒေသဆိုင်ရာ သတင်းစာက မတ် ၂၉ ရက်တွင် ဖော်ပြခဲ့သည်။

အသက် ၂၉ နှစ်ရှိ ဒန်ဇူအန်သွန် ဦးဆောင်သော ဆေးခြောက်ရောင်းဝယ်သူအဖွဲ့ကို မတ်လလယ်တွင် ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် ဆေးခြောက်ကို ဟာတေးပြည်နယ်မှ ဝယ်ယူခဲ့ပြီး နိုင်ငံခြားဧည့်သည်များကို ပြန်လည်ရောင်းချခဲ့သည်။

ဆေးခြောက်ရောင်းဝယ်သူများသည် ဈေးကောင်းပေး၍ ဝယ်ယူမည့် ဆေးပင်များဟု ပြောပြီး လယ်သမားများကို ဆေးခြောက်ပင်ငယ်များပေး၍ စိုက်ပျိုးခိုင်းသည်။

ဗီယက်နမ်တွင် ဘိန်းဖြူ၆၀၀ ဂရမ် သို့မဟုတ် ဘိန်းကီလို ၂၀ ကို လက်ဝယ်ထားခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် မှောင်ခိုမှုပြုလုပ်သူကို ထောင်ဒဏ်တစ်သက် သို့မဟုတ် သေဒဏ် အပြစ်ပေးလေ့ရှိသည်။

ဗီယက်နမ်၌ ၂၀၀၆ခုနှစ် နှောင်းပိုင်းတွင် ဆေးခြောက်စွဲနေသူ စုစုပေါင်း ၁၆၀၂၂၆ဦးရှိပြီး အဆိုပါ မူးယစ်ဆေးစွဲနေသူများတွင် ၇၈ရာခိုင်နှုန်းကျော်သည် အသက် ၁၈နှစ်မှ ၃၅နှစ်ကြား အရွယ်များဖြစ်ကြောင်း ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန စာရင်းအင်းတွင် ဖော်ပြထားသည်။ ၂၀၁၅ခုနှစ် မူးယစ်ကင်းစင်သော ဒေသအဖြစ် အောင်မြင်အောင် ဆောင်ရွက်ရန် ဗီယက်နမ်နိုင်ငံက မျှော်လင့်ထားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***



**သြစတြေးလျနိုင်ငံ ဆစ်ဒနီဆိပ်ကမ်းရှိ နာမည်ကျော် တံတားကြီးကို မတ် ၂၉ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဂရင်းပရီကားပြိုင်ပွဲ အိန္ဒိယ၌ ကျင်းပရန် အလားအလာကောင်း

နယူးဒေလီ(အိန္ဒိယ) မတ် ၃၀

မိုနာကိုနိုင်ငံတွင် ကျင်းပသည့် ဂရင်းပရီကားပြိုင်ပွဲမျိုးကို အိန္ဒိယနိုင်ငံ နယူးဒေလီတွင်၂၀၀၉ခုနှစ်မှစ၍ ကျင်းပရန် အလားအလာများ ရှိနေပြီဖြစ်သည်။

ယင်းကားပြိုင်ပွဲကို အိန္ဒိယတွင် ကျင်းပဖြစ်ပါက မိမိအနေဖြင့် ကြိုဆိုပါကြောင်း ပြည်နယ်ဝန်ကြီးချုပ် ရှီလာဒီဇစ်က အိန္ဒိယထိပ်တန်း စီးပွားရေးလုပ်ငန်းရှင် ဗီဂျေနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းထောက်များသို့ ပြောကြားသည်။

ယင်း ကားပြိုင်ပွဲ ကျင်းပဖွယ်ရှိကြောင်း၊ မိမိတို့နှင့် ပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံ ဆွေးနွေးမှုသည် အကျိုးဖြစ်ထွန်းမှုရှိကြောင်း၊ ၎င်းက ကားပြိုင်ပွဲကျင်းပမည့် သဘောထားကို ထောက်ခံကြောင်း စီးပွားရေးလုပ်ငန်းရှင် ဗီဂျေက ပြောကြားသည်။

***အမ်အင်အေ၊ ရိုက်တာ။***



**ကွန်ဂိုနိုင်ငံ တောတွင်းတစ်နေရာတွင် မိကျောင်း၊ ကျွဲရိုင်းနှင့် ကျားသစ်တို့ တစ်ကောင်နှင့် တစ်ကောင် တိုက်ခိုက်နေကြသည်ကို မတ် ၂၉ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# သြစတြေးလျတွင် သင်္ဘောတိုက်မှုဖြစ်၊ သုံးဦးသေဆုံး

ဆစ်ဒနီ မတ် ၃၀

သြစတြေးလျနိုင်ငံ၏ နာမည်ကျော် ဆစ်ဒနီတံတားကြီးအောက်တွင် မတ် ၂၈ ရက်က ဆစ်ဒနီကူးတို့နှင့် ပုဂ္ဂလိကမော်တော်တစ်စင်းတို့ တိုက်မိမှုဖြစ်ပွားရာ လူသုံးဦးသေဆုံးသွားပြီး ၁၄ နှစ်အရွယ် မိန်းကလေးတစ်ဦး ပျောက်ဆုံးနေကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။

ည ၁၁ နာရီအချိန်ခန့်တွင် ဖြစ်ပွားသော အဆိုပါ မတော်တဆမှုကြောင့် လူရှစ်ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အခင်းဖြစ်ပွားမှုကြောင့် သစ်သားမော်တော်မှာ မှောက်သွားပြီး လုံးဝပျက်စီးသွားသည်။ အမျိုးသမီးတစ်ဦးမှာလည်း ခြေထောက်တစ်ဖက် ဆုံးရှုံးသွားသည်။

သစ်သားမော်တော်ကို ဝင်တိုက်သောကူးတို့ယာဉ်မှာ ပေ ၁၀၀ နီးပါးရှည်ကာ ခရီးသည် ၁၅၀ တင်ဆောင်နိုင်သည်။ တစ်နာရီလျှင် ရေမိုင် ၂၂ မိုင်(၂၅မိုင်)နှုန်း မောင်းနှင်နိုင်သော ယာဉ်အမျိုးအစားဖြစ်သည်။ မတော်တဆမှုဖြစ်ပွားစဉ်က ကူးတို့သင်္ဘောပေါ်၌ ခရီးသည်များတင်ဆောင်ထားခြင်းမရှိပေ။ ယခုဖြစ်ရပ်ကြောင့် ကူးတို့သင်္ဘောမှာ အနည်းငယ်သာ ပျက်စီးသွားခဲ့သည်။

နစ်မြုပ်သွားသော သစ်သားမော်တော်သည် ၃၃ မီတာရှည်လျားပြီး စီးနင်းလိုက်ပါသူ ၁၂ ဦးကိုသာ တင်ဆောင်ထားသည်။ ၎င်းတို့သည် ဆစ်ဒနီတွင် ကျင်းပမည့် ရေခဲစကိတ်စီးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများဖြစ်သည်။ ရဲရေငုပ်သမားများနှင့် ရေတပ်သင်္ဘောတစ်စင်းက ပျောက်ဆုံးသွားသူကို ကြိုးစားရှာဖွေလျက်ရှိသည်။

***အမ်အင်အေ၊ ရိုက်တာ။***

# သမိုင်းဝင်သက်သာပန်းတောင်းရွှေရင်အေးစေတီ အနေကဇာတင်၊ စိန်ဖူးတော်တင်လှူပူဇော်ပွဲ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်လှရွှေးဝင်း တက်ရောက်ကြည်ညို

ရန်ကုန် မတ် ၃၁

**ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းကျေးရွာအုပ်စု ကျုံစုကျေးရွာရှိ သမိုင်းဝင် သက်သာပန်းတောင်းရွှေရင်အေးစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ စိန်ဖူးတော်တင်လှူခြင်းနှင့် အရှေ့ဘက်မုခ်ဦးစောင်းတန်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် သမိုင်းဝင် သက်သာပန်းတောင်း ရွှေရင်အေးစေတီတော်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေးဝင်း တက်ရောက်ကြည်ညို၍ စေတီတော်အထွတ်၌ စိန်ဖူးတော်ကို တင်လှူပူဇော်သည်။**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှရွှေးဝင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရွှေတို့က စေတီတော်အရှေ့ဘက်မုခ်ဦး စောင်းတန်းကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

## ကိုးပါးသီလခံယူ

ထို့နောက် အခမ်းအနားကို စေတီတော်ရင်ပြင်ပေါ်ရှိ မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ မဟာသဒ္ဓမ္မဇောတိကဓဇ ကွက်သစ်ကျောင်းတိုက်တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ သီရိထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တိုင်းမှူးက ဆရာတော် အရှင်သူမြတ်တို့အား စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စေတီတော် ဘက်စုံတည်ဆောက်ရေးအတွက် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ် ၁၀သိန်းအပါအဝင် စေတနာရှင် အလှူရှင်များက အလှူငွေကျပ် ၁၆၇၂၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် အဘိဓမ္မာမဟာဌာန နည်းပြ၊ သာသန တက္ကသီလ မဟာဓမ္မာစရိယဘဒ္ဒန္တ ပညာနန္ဒ ဟောကြားတော်မူသော အနုမောဒနာတရားကို တိုင်းမှူးနှင့် ဧည့်ပရိသတ်များက နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စေတီတော်အထွတ်၌တင်လှူမည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက်မင်္ဂလာအချိန်ကျရောက်သည်နှင့် တိုင်းမှူးနှင့်တာဝန်ရှိသူများက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်ကြသည်။ ယင်းနောက် စေတီတော်ရင်ပြင်တော်၌ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနားကို ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေးဝင်း လှိုင်သာယာမြို့နယ် ရွှေလင်ပန်းကျေးရွာအုပ်စု ကျုံစုကျေးရွာရှိ သမိုင်းဝင်သက်သာပန်းတောင်း ရွှေရင်အေးစေတီတော်တွင် ငှက်မြတ်နားတော်အား တင်လှူပူဇော်စဉ်။** (သတင်းစဉ်)

# ဇမ္ဗူလုံးချမ်းသာစေတီတော် ရွှေထီးတော်တင်လှူပူဇော်မည်

**ရန်ကုန် မတ် ၃၁**

ဧရာဝတီတိုင်း ဓနုဖြူမြို့ ဆကာကြီးတိုက်နယ် ဂုဏ်မင်းကျောင်းကြီး၌ ဇမ္ဗူလုံးချမ်းသာ စေတီတော်မြတ်ကြီးအား ဘက်စုံမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းပြီးစီးပြီဖြစ်ရာ ၁၃၆၉ခု ကဆုန်လဆန်း ၁၃ရက် (ဧပြီ ၂၈ရက်)တွင် ရွှေထီးတော်တင်လှူပူဇော်မည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ဖုန်း ၀၁-၃၇၁၂၂၈ နှင့် ၀၄၄ ၇၀၀၄၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)






# တောင်လုံးပြန်ရပ်ကွက်လုံးဆိုင်ရာ အထူးတရားပွဲကျင်းပမည်

**ရန်ကုန် မတ် ၃၁**

မင်္ဂလာတောင်ညွန့် မြို့နယ် တောင်လုံးပြန်ရပ်ကွက် ဆုတောင်းပြည့် ပြည်လုံးချမ်းသာ ဘုရားဝင်းအတွင်း၌ တောင်လုံးပြန်ရပ်ကွက်လုံးဆိုင်ရာ ပထမအကြိမ် အထူးတရားပွဲကို ကျင်းပမည်ဖြစ်ရာ ဧပြီ ၃ရက်တွင် အရှင်ခေမာသိရီလင်္ကာရ (ရွှေပြည်ဟိန်း)က လည်းကောင်း၊ ဧပြီ ၄ ရက်တွင် အရှင်အရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်)က လည်းကောင်း၊ ဧပြီ ၅ရက်တွင် အရှင်ကောဝိဒ(မရွှိမဂုဏ်ရည်) က လည်းကောင်း၊ ဧပြီ ၆ရက်တွင် အရှင်ဂုဏိန္ဒ (ဆင်ဖြူတောင်)က လည်းကောင်း ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## အမှာစကားပြောကြား

**ပညာရေးဝန်ကြီးဌာန အခြေခံပညာအထက်တန်းအဆင့် ဓာတုဗေဒ၊ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာပြဆရာများမွမ်းမံသင်တန်းဖွင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း အမှာစကားပြောကြားစဉ်။** (ပညာရေး)

# ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အခြေခံပညာအထက်တန်းအဆင့် ဘာသာပြဆရာများ မွမ်းမံသင်တန်းဖွင့်ပွဲ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၃၁

**ပညာရေးဝန်ကြီးဌာန အခြေခံပညာအထက်တန်းအဆင့် ဓာတု ဗေဒ၊ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာပြဆရာများ မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏မြန်မာ့ပညာရေး အရည်အသွေးမြင့်မားရေး လမ်းညွှန်မှာကြားချက်နှင့်အညီအခြေခံပညာအထက်တန်းအဆင့် ဓာတုဗေဒ၊ ဇီဝဗေဒနှင့် ဘောဂဗေဒ ဘာသာပြဆရာများ မွမ်းမံသင်တန်းကို နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် တစ်ပြိုင်တည်း ဖွင့်လှစ်ပြီး သင်ကြားပေးလျက်ရှိကြောင်း၊ ယမန်နှစ်နွေရာသီတွင် အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာများ မွမ်းမံသင်တန်းကို ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ကြောင်း၊ ယခု သင်တန်းတက်ရောက်ကြသည့် ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားမှုအရည်အသွေး တိုးတက်မြင့်မားလာအောင် လေ့လာသင်ယူသွားကြစေလိုကြောင်းနှင့် တက္ကသိုလ်ဒီဂရီကောလိပ်များမှ သင်တန်းပို့ချမည့် ဆရာ၊ ဆရာမများကလည်း သင်ကြားမှုစွမ်းရည် တိုးတက်မြင့်မားလာအောင် သင်ကြားလေ့ကျင့်ပေးကြစေလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ပညာရေးဝန်ကြီးဌာန အခြေခံပညာ အထက်တန်းအဆင့် ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာပြဆရာများမွမ်းမံသင်တန်းဖွင့်ပွဲများကို နံနက် ၉နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ လည်းကောင်း၊ နံနက် ၁၁ နာရီခွဲ တွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ လည်းကောင်း အသီးသီးကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့် တက်ရောက် အမှာစကားပြောကြားသည်။

ယခုနှစ်တွင် မတ်၂၈ရက်မှစ၍ မေ ၂၅ရက်အထိတက္ကသိုလ်၊ဒီဂရီကောလိပ် ၃၄ခု၌ အခြေခံပညာအထက်တန်းအဆင့် ဓာတုဗေဒဘာသာပြ ဆရာ၊ ဆရာမ ၂၂၀၅ဦး၊ ဇီဝဗေဒဘာသာပြ ဆရာ၊ ဆရာမ ၁၇၈၇ဦးနှင့် ဘောဂဗေဒဘာသာပြ ဆရာ၊ ဆရာမ ၁၅၁၁ ဦး စုစုပေါင်း ၅၅၀၃ဦးကို လေ့ကျင့်သင်ကြားပေးလျက် ရှိကြောင်းနှင့် ယခင်နှစ်နွေရာသီတွင် အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမပေါင်း ၆၈၅၇ဦးကို မွမ်းမံသင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကောက်လျှင်လမ်း မိုးကုတ်ရိပ်သာ ၁၀ ရက် တရားစခန်းပွဲ

**ရန်ကုန် မတ် ၃၁**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ ကောက်လျှင်လမ်း မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၄၈)ဓမ္မရိပ်သာကြီးတွင် (၁၀၄)ကြိမ်မြောက် ၁၀ ရက် တရားစခန်းပွဲကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယရွှေစက်တော် ဦးသုန္ဒရ အရှင်သူမြတ်နှင့် ဓမ္မကထိက ဆရာကြီး ဦးသန့်ဇင်(အဖွဲ့ချုပ်)တို့က ဟောကြားကြမည်ဖြစ်သည်။ တရားစခန်းဝင်မည့် ယောဂီများ ဧပြီ ၇ရက် ညနေအရောက် ကြွရောက်ကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။

(က-ပ)



**ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးအတွက် ဒဂုံမြို့နယ်မြို့မကျောင်းလမ်းနေ သီရိသုဓမ္မသီဂီဒေါ်အေးအေးခန့်နှင့် မောင်နှမတစ်စုတို့က ငွေကျပ် ၇၆ သိန်း သုံးသောင်း တန်ဖိုးရှိ စိန်ရွှေရတနာပစ္စည်း ၁၁ မျိုးနှင့် ငါးမူးသားရွှေခေါင်းလောင်းသုံးလုံးအတွက် ငွေကျပ်ခြောက်သိန်းတို့ကို မတ် ၃၁ရက်တွင် ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံတွင်ထွန်းကားခဲ့သော ယဉ်ကျေးမှုသည် အီဂျစ်နှင့်ရောမ ထွန်းကားခဲ့သောကာလထက် ရှေးကျ ကမ္ဘာပေါ်တွင် ရှေးအကျဆုံးလူသားများ မြန်မာနိုင်ငံ၏ ပုံတောင်ပုံညာဒေသတွင် အခြေချနေထိုင်ခဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာပါဝင်လျက်ရှိ

နေပြည်တော် မတ် ၃၁

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် အာဆီယံနိုင်ငံများရှိ သမိုင်းဝင်အဆောက်အအုံများနှင့် အခြားယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ ထိန်းသိမ်းမှုနည်းလမ်းများနှင့်နည်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ** (Symposium on Conservation Method and Techniques of Historical Buildings and other cultural Properties in ASEAN) **ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ပုဂံဟိုတယ်၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**





**အာဆီယံနိုင်ငံများရှိ သမိုင်းဝင်အဆောက်အအုံများနှင့် အခြားယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ ထိန်းသိမ်းမှု နည်းလမ်းများနှင့် နည်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ ဖွင့်ပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

အဆိုပါ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်၊ သမိုင်းသုတေသနဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီဥက္ကဋ္ဌ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံနိုင်ငံများမှ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ပညာရှင်များ၊ သုတေသီများနှင့် လေ့လာသူများ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် အာဆီယံနိုင်ငံများရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ပျက်စီးပြုန်းတီးစေခြင်းသည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ဆုံးရှုံးစေရုံသာမက လူသားအားလုံးအတွက် နစ်နာဆုံးရှုံးမှုများပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုစာတမ်းဖတ်ပွဲသည် အာဆီယံဒေသတွင်းရှိ ပညာရှင်များချစ်ခင်ရင်းနှီးပွင့်လင်းစွာဖြင့် ဆွေးနွေး အမြင်ချင်းဖလှယ်နိုင်စေရန်နှင့် အာဆီယံယဉ်ကျေးမှုအမွေအနှစ်များကိုပူးပေါင်း၍ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြသည်ကို ပြသသည့်ပွဲဖြစ်ကြောင်း၊ ယခုစာတမ်းဖတ်ပွဲသည် တစ်နည်းအားဖြင့် အာဆီယံယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းကွန်ရက်လုပ်ငန်းကို တစ်စိတ်တစ်ပိုင်းအားဖြင့် အကောင်အထည်ဖော်ခြင်းလည်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတွင် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခြင်းဆိုင်ရာအတွေ့အကြုံများကို အနည်းငယ်ရှင်းလင်းပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံသည် အလွန်ကြီးကျယ်ခဲ့ညားသည့် ယဉ်ကျေးမှုသမိုင်းကြောင်းရှိသော နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ထွန်းကားခဲ့သော ယဉ်ကျေးမှုသည် အီဂျစ်နိုင်ငံပိရမစ်များတည်ဆောက်သော ခေတ်နှင့် ရောမယဉ်ကျေးမှုထွန်းကားခဲ့သော ခေတ်ကာလများထက် ပိုမိုရှေးကျခိုင်မာခဲ့ကြောင်း။

မြန်မာလူမျိုးများ၏ သမိုင်းမတင်မီခေတ်မှသမိုင်းတင်ခေတ်အဆက်ဆက်တိုင်အောင် ရှည်လျားခဲ့သော ယဉ်ကျေးမှုသမိုင်းကြောင်းသည် ကြားရသူများအားလုံးအတွက် အံ့မခန်းလောက်ဖွယ်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ရှေးအကျဆုံးလူသားများသည် မြန်မာနိုင်ငံ၏ ပုံတောင်ပုံညာဒေသတွင် အခြေချနေထိုင်ခဲ့ကြသည်ကို ၁၉၀၀ ပြည့်နှစ်များကပင် ရှာဖွေတွေ့ရှိခဲ့ကြကြောင်း၊ ဤရှာဖွေတွေ့ရှိမှုသည် မြန်မာလူမျိုးများအတွက်သာမက နိုင်ငံအသီးသီးရှိ ကမ္ဘာ့လူသားအားလုံးအတွက် အံ့မခန်းလောက်သော ရှာဖွေတွေ့ရှိမှုဖြစ်ကြောင်း။

မြိုင်မြို့နယ် ဖန်းကန်ကျေးရွာနှင့် ပုလဲမြို့နယ် မိုးကောင်းကျေးရွာတို့တွင် တွေ့ရှိခဲ့သော လူသားမျိုးနွယ်တို့၏ မေးရိုးနှင့်အံသွားများပါဝင်သော ကျောက်ဖြစ်ရုပ်ကြွင်းများသည် မြန်မာလူမျိုးတို့၏ လူသားအစ အရင်းအမြစ်များဖြစ်သည်ဟု ယုံကြည်ကြကြောင်း၊ ၎င်းကျောက်ဖြစ်ရုပ်ကြွင်းများသည် ပုံတောင်ပရိုင်းမိတ်ဖြစ်စဉ်တွင် Amphipithecus ဖြစ်ပြီး Pondaungia Cotteria ဟုခေါ်ဝေါ်ကြောင်း၊ လွန်ခဲ့သော နှစ်သန်းပေါင်း ၄၀ခန့်က လူတူမျိုးနွယ်များဟု လေ့လာသိရှိရကြောင်း၊ ထိုကဲ့သို့ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် ရှာဖွေတွေ့ရှိရခြင်းသည် မိမိတို့မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအားလုံးသည် အသီးတစ်ရာအညှာတစ်ခုဟူသော ဆိုရိုးစကားအတိုင်း ဘိုးဘွားစဉ်ဆက် တစ်ခုတည်းမှ ဆင်းသက်လာခဲ့သည်ကို ခိုင်မာထင်ရှားစွာ ပြသနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

မြန်မာသုတေသီများသည် ဂျပန်နိုင်ငံကျိုတိုတက္ကသိုလ်မှ ပရိုင်းမိတ်သုတေသီပညာရှင်များနှင့်ပူးပေါင်း၍ သုတေသနလုပ်ငန်းများကို ၁၉၉၈ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ အရှေ့အာရှ ပရိုင်းမိတ်ဆင့်ကဲဖြစ်စဉ်ဆိုင်ရာ အရေးကြီးသော ရှာဖွေတွေ့ရှိမှုများကို အကျိုးရလဒ်ပြည့်စုံစွာဖြင့် တွေ့ရှိခဲ့ကြကြောင်း။

ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဆိုင်ရာ အထောက်အထားများကိုလည်း မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် ရှာဖွေတွေ့ရှိခဲ့ပြီး ယခုအခါထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူပျူခေတ်ဆိုင်ရာ ရှာဖွေတွေ့ရှိမှုများနှင့် ပတ်သက်၍ တကောင်းသည် ပျူရှေးမြို့ဟောင်းများတွင် ရှေးအကျဆုံးဖြစ်ကြောင်း၊ မြန်မာသုတေသီများသည် ပျူလူမျိုးများဆိုင်ရာ ရှေးဟောင်းသုတေသန အထောက်အထားများကို တကောင်းတွင်ရှာဖွေတွေ့ရှိထားပြီးဖြစ်ရာ ရှေးခေတ်ပျူလူမျိုးများသည် ယနေ့မြန်မာများဖြစ်ကြသည်ဟု မြန်မာသမိုင်းပညာရှင်များက ကြေညာနိုင်ခဲ့ကြပြီဖြစ်ကြောင်း။

ဆက်လက်၍ မြန်မာ့သမိုင်းခေတ်အဆက်ဆက်တွင် အင်ပါယာထူထောင်နိုင်သည်အထိ အောင်မြင်ကြီးကျယ်စွာ မြန်မာဘုရင်အဆက်ဆက်က စွမ်းဆောင်နိုင်ခဲ့ကြောင်း။

တပ်မတော်အစိုးရလက်ထက်တွင် ပြည်သူလူထုတစ်ရပ်လုံးက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မိမိတို့၏ အမျိုးသားရေးတာဝန်အဖြစ် ခံယူထားကြကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးနှင့် အရေးပါအရာရောက်ပုံကို သေချာစွာသိရှိသဘောပေါက်ထား၍လည်း ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းရပ်များတွင် အများပြည်သူတစ်ရပ်လုံးက တက်ကြွစွာ ထိထိရောက်ရောက် ပါဝင်ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိကြကြောင်း။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်ပေါများကြွယ်ဝသော အာဆီယံဒေသတွင်း နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့ဖြစ်၍ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးဆိုင်ရာ လုပ်ငန်းရပ်များတွင် ယခုထက်ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ကြရန် ဆန္ဒပြုပါကြောင်း။

မြန်မာနိုင်ငံသည် အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းကို ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နယ်မြေတွင် နေ့/ညမရွေး လှည့်လည်သွားလာလျက်ရှိသော ကမ္ဘာလှည့်ခရီးသည်များက သက်သေပြလျက်ရှိသည့်အပြင် ဘာသာရေးလွတ်လပ်ခွင့်နှင့် တန်းတူညီမျှရှိမှုကိုလည်း ပုဂံဒေသနှင့် မြန်မာနိုင်ငံဒေသအနှံ့အပြား၌အမျိုးမျိုးသော ယုံကြည်ကိုးကွယ်မှုများအလိုက် တည်ဆောက်ထားကြသော ဘာသာရေးအဆောက်အအုံများက သက်သေသာဓက ပြသလျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ကျင်းပမည့် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ ပညာရှင်များ၊သုတေသီများနှင့် လေ့လာသူများအနေဖြင့် ပုဂံဒေသ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုများနှင့် ပုဂံဒေသ၏ ကျက်သရေပြည့်စုံမှုကို လှည့်လည်ကြည့်ရှုရင်း မြန်မာနိုင်ငံ၏ အေးချမ်းသာယာဝပြောမှုကို မျက်မြင်ကိုယ်တွေ့ လေ့လာကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် စာတမ်းဖတ်ပွဲပထမနေ့ကို အဆိုပါပုဂံဟိုတယ်၌ နံနက် ၁၁ နာရီတွင် စတင်ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြားရေးအမျိုးသားကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းနှင့် မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်တို့က သဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ကြိုဆိုနှုတ်ဆက်စကား ပြောကြားကြသည်။

ထို့နောက် စင်ကာပူသမ္မတနိုင်ငံ National Heritage Board, Heritage Conservation Centre မှ Ms. Loh Heng Noi က အာဆီယံဒေသတွင်း ရွှေ့ပြောင်းနိုင်သော ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဆန်းစစ်လေ့လာခြင်း ( Conservation of Moveable Cultural Properties the ASEAN) စာတမ်းကို ဖတ်ကြား၍ Power Point ဖြင့် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Senior Conservationist and Trainer, Mr. Hubertus Sadirin က အာဆီယံဒေသတွင်း ရှေးဟောင်းသုတေသနဆိုင်ရာနှင့် သမိုင်းဆိုင်ရာအဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ခြင်း (Conservation of Archaeological and Historical Monuments in ASEAN ) စာတမ်းကိုလည်းကောင်း၊ သမိုင်းသုတေသနဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်က မြန်မာနိုင်ငံ၏ မော်ကွန်းဝင် ပေ၊ ပုရပိုက်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း (Preservation and Conservation of Archival Manuscripts in Myanmar) စာတမ်းကို လည်းကောင်း' Power Point ဖြင့် ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် သဘာပတိ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်က နိဂုံးချုပ်စကားပြောကြားကာ ပထမနေ့စာတမ်းဖတ်ပွဲကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)




**မန္တလေးအသင်း (ရန်ကုန်)၏ အကြိမ်(၃၀)မြောက် နှစ်ပတ်လည် စုံညီအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁၈ ရက်က ရတနာပုံခန်းမဆောင်၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမြသောင်း (Jewel Hotel) ဒေါ်တင်တင်အောင် မိသားစုတို့က ပညာရေးရန်ပုံငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## လှူဒါန်း

**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပုသိမ်လမ်းမှ ဒုတိယဗိုလ်မှူးကြီး တင်မောင်ညွှန့်အားရည်စူး၍ဒေါ်ကြည်ကြည်နှင့် သားသမီး၊ မြေးတစ်စုက ဗဟန်းမြို့နယ်၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးသိန်းအောင် လက်ခံယူစဉ်။** (က-ပ)



## စိတ္တသုခလမ်း ဓမ္မပူဇာသဘင် ကျင်းပမည်

**ရန်ကုန် မတ် ၃၁**

ရန်ကုန်မြို့ တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် စိတ္တသုခလမ်း မိသားစု အင်္ဂါပတ်ဆွမ်းလောင်းအသင်း၊ ဆွမ်းအောင်ပွဲ လေးနှစ်ပြည့် အထိမ်းအမှတ် တတိယအကြိမ်မြောက် ဓမ္မပူဇာသဘင် ကျင်းပမည်ဖြစ်ရာ ဧပြီ ၃ ရက်တွင် အရှင်ပညာဝံသ (ပုပ္ပား-စကားဝါမြေ)၊ ဧပြီ ၄ ရက်တွင် အရှင်ဇေယျပဏ္ဍိတ (ပိုင်းလော့) မိုးညှင်းသီဂိ၊ ဧပြီ ၅ ရက်တွင် အရှင်ဇဝန (မုံလယ်တောရ)၊ ဧပြီ ၆ ရက်တွင် အရှင်ခေမာသီရိလင်္ကာရ (သီတဂူကြာတစ်ပွင့်) တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန် ကျောက်တော်မြို့နယ် ပြိုင်းချောင်း ရေလှောင်တမံကမွည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (လယ်/ဆည်)

# ပြိုင်းချောင်းရေလှောင်တမံသည် အလတ်စားရေလှောင်တမံတစ်ခုဖြစ်ပြီး တပ်မတော်အစိုးရလက်ထက် ၁၉၇ ခုမြောက်ဖွင့်လှစ်သည့် ရေလှောင်တမံဖြစ်

❖ ရှေ့ဖုံးမှ

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ အင်ဂျင်နီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးအတွက် ဦးတည်ချက်(၁၂)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ၌ စီးပွားရေးဦးတည်ချက်တွင် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသည့်အချက်ကို ထည့်သွင်းဖော်ပြထားကြောင်း၊ ထို့ အပြင် ပြည်နယ်နှင့်တိုင်း နယ်မြေဒေသအားလုံး မျှတစွာဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခု သတ်မှတ်ဆောင်ရွက်နေသကဲ့သို့ မြို့နှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းနိုင်သမျှကျဉ်းမြောင်းအောင်လည်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး စသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားထားရသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက မိုးစပါးဧက ၇ဒသမ ၉သိန်းသာ စိုက်ပျိုးခဲ့ရာမှ ယခုနှစ်တွင် မိုးစပါးဧက ၁၂ဒသမ ၀၅သိန်းအထိ တိုးချဲ့စိုက်ပျိုးရိတ်သိမ်းနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ လာမည့်နှစ်တွင်လည်း မိုးစပါးလျာထားဧက ၁၂ဒသမ ၁သိန်းပြည့်မီအောင် စိုက်ပျိုးခြင်းနှင့်အတူ တစ်ဧကပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် အမယ်သစ်သီးနှံဖြစ်သော ငရုတ်ကောင်းဖြစ်ထွန်းသည့် ရခိုင်ပြည်နယ်၌ ငရုတ်ကောင်းတိုးချဲ့စိုက်ပျိုးခြင်းနှင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နှစ်ရှည်ပင်ဖြစ်သော ရော်ဘာစိုက်ပျိုးခြင်းကို ပြည်နယ်တွင်းလုပ်ငန်းရှင်များက စိတ်ဝင်တစားဖြင့် ရှိပြီးသားမြေလွတ်မြေရိုင်းများကို ရယူပြီး ဆောင်ရွက်ကြခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ယခုဆိုလျှင် ငရုတ်ကောင်း ၂၄၅၉၆ ဧကစိုက်ပျိုးပြီး အသီးခူးဧက ၃၀၇၃နှင့် ရော်ဘာစိုက်ပျိုးပြီးဧက ၁၄၁၇၅ဧက၌ အစေးခြစ်ဧက ၈၇၁ ရှိနေပြီဖြစ်ကြောင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးတွင် အခြေခံကျသည့် စက်သုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲက ခံစည်းရိုးကြက်ဆူ စိုက်ပျိုးခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်စေလျက်ရှိရာတွင် မိမိတို့ရခိုင်ပြည်နယ်ကလည်း သုံးနှစ်စီမံကိန်းဖြင့် ၂၀၀၆ခုနှစ်တွင် စိုက်ဧကတစ်သိန်း၊ ၂၀၀၇ခုနှစ်တွင် စိုက်ဧကနှစ်သိန်း၊ ၂၀၀၈ခုနှစ်တွင် စိုက်ဧကနှစ်သိန်း စုစုပေါင်း သုံးနှစ်အတွင်း စိုက်ဧက ငါးသိန်းပြည့်မီအောင် စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း။

ပြည်နယ်၊တိုင်းများတွင် ဒေသလိုအပ်ချက်နှင့်အညီ ဆည်များ၊ တာတမံများကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ရာ ယနေ့ဖွင့်လှစ်သည့် ကျောက်တော်မြို့နယ် ပြိုင်းချောင်းရေလှောင်တမံသည် ၁၉၇ခုမြောက် မြေသားတမံဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာကဏ္ဍအသီးသီး၌ ပါဝင်ဆောင်ရွက်ကြရာတွင် မိမိတို့နိုင်ငံသည် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရာ သူများတွေတစ်လှမ်းလှမ်းက မိမိတို့ သုံးလှမ်းလောက်လှမ်းနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့်ယှဉ်ပြီး ရင်ပေါင်တန်းလိုက်နိုင်အောင်၊ ပြည်သူတို့၏ လူနေမှုဘဝ အဆင့်မြင့်မားအောင် မိမိတို့ နောင်လာနောက်သားများ မပင်မပန်း လုပ်ကိုင်နေထိုင်စားသောက်နိုင်အောင် မိမိတို့တာဝန်ယူသည့်လက်ထက်၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံတွင်**



ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ် မှူး ချုပ်မောင် ရှိန် နှင့် လယ်ယာ စိုက်ပျိုး ရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ ကျောက်တော်မြို့နယ် ပြိုင်းချောင်းရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (လယ်/ဆည်)

**အချိန်လု၍ ကျိုးရန်းလုပ်ကိုင်နေကြရကြောင်း၊ အခြားမျှော်လင့်ချက်၊ ရည်ရွယ်ချက်များမရှိဘဲ နိုင်ငံတော်နှင့်လူမျိုး၏ ရေရှည်အကျိုးအတွက်သာ မျှော်မှန်းပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တစ်တိုင်းတစ်ပြည်လုံး ကွက်လပ်မကျန် တိုးတက်ရေး၊ ဒေသတစ်ခုနှင့်တစ်ခု ကွာဟမှုများ အတတ်နိုင်ဆုံး ကျဉ်းမြောင်းစေရေးတို့ကို ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ခနစွမ်းအားတိုးတက်ရေး၊ လူမှုရေးအဆင့်အတန်း**



လယ် ယာ စိုက် ပျိုး ရေး နှင့် ဆည် မြောင်း ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ် ဌေးဦး အ မှာ စ ကား ပြောကြားစဉ်။ (လယ်/ဆည်)

**မြင့်မားရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ရာတွင် အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့၏ အလုပ်စွမ်းအားဖြင့် ပူးပေါင်းပါဝင်ရန် အထူးလိုအပ်ကြောင်းကိုလည်းကောင်း၊ ယခုအခါ နိုင်ငံတော်၌ ဆည်တမံလုပ်ငန်းပေါင်း ၂၀၀ နီးပါးခန့်ကို တည်ဆောက်အကောင်အထည်ဖော်ပြီးဖြစ်၍ ဆည်တမံအမျိုးအစားမျိုးစုံကို ကျွမ်းကျွမ်းကျင်ကျင် တည်ဆောက်နိုင်အားရှိနေပြီဖြစ်ကြောင်း၊ ထို့အတူ ရေအားလျှပ်စစ်စီမံကိန်းများ ပူးတွဲပါလျှင်လည်း မိမိကိုယ်တိုင် ဒီဇိုင်းဆွဲ၊ မိမိကိုယ်တိုင် တည်ဆောက်လုပ်ကိုင်နိုင်အားရှိရမှာဖြစ်ကြောင်း၊ အထူးသဖြင့် အသေးစားရေအားလျှပ်စစ်လုပ်ငန်းများကို တည်ဆောက်ရာ၌ ကိုယ်စွမ်းကိုယ်စဖြင့် ကိုယ်တိုင်လုပ်ကိုင်နိုင်စွမ်း ရှိရမှာဖြစ်ကြောင်း၊ သို့မှသာ ဆည်တမံလုပ်ငန်းရောရေအားလျှပ်စစ်လုပ်ငန်းပါ ကြန့်ကြာမှုမရှိ တစ်ပြိုင်တည်း တည်ဆောက်ပြီးစီးနိုင်ပြီး ပြည်သူများအနေဖြင့် မြန်မြန်အကျိုးကျေးဇူးခံစားရမှာဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့တည်ဆောက်ခဲ့သည့် ဆည်တမံများအနက် အချို့ဆည်တမံများမှာ နှစ်ကြာလာသည်နှင့်အမျှ ပြုပြင်မွမ်းမံထိန်းသိမ်းမှုလုပ်ငန်းများကို အချိန်မှန်မှန် အလေးထားလုပ်ကိုင်သွားရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ဆည်ရေသောက်စနစ်အချို့၌ ပြန်လည်ပြုပြင်ရမည့်အပိုင်းများကို သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်စစ်ဆေးကြပ်မတ်ကွပ်ကဲမှုများဖြင့် ပုံမှန်ထိန်းသိမ်းပြုပြင်မွမ်းမံသွားကြရန်လိုကြောင်း၊ ဆည်ရေသောက်ဧရိယာများ၌ ဖြစ်ထွန်းအောင်မြင်ပြီး ဝင်ငွေရရှိသည့် သီးနှံအမယ်သစ်များကို တိုးချဲ့စိုက်ပျိုးလာအောင်လည်း အားပေးသွားကြရန်ဖြစ်ကြောင်း"**ဖြင့် မှာကြားခဲ့ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတိုးတက်ပြီး သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရန် ရေရရှိရေးအတွက် ဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျောက်တော်မြို့နယ်အတွင်းရှိ ပြိုင်းချောင်းရေလှောင်တမံစီမံကိန်းသည် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ကျောက်တော်မြို့နယ်သည် မိုးရေချိန်တစ်နှစ် ပျမ်းမျှ လက်မ ၁၉၀ ရွာသွန်းသော်လည်း ယခင်က မိုးရာသီကုန်ဆုံးသည့်အခါ ပူပြင်းခြောက်သွေ့ပြီး သီးထပ်စိုက်ပျိုးနိုင်ခြင်းမရှိခဲ့သော်လည်း ယခုအခါ ပြိုင်းချောင်းပေါ်တွင် ရေလှောင်တမံ တည်ဆောက်၍ ရေ ၂၅၀၂၅ ဧကပေ သိုလှောင်ပြီး နွေစပါး ဧက ၄၀၀၀ (သို့မဟုတ်) သီးနှံစိုက်ပျိုးမြေ ဧရိယာဧက ၅၀၀၀ ကို ရေသွင်းစိုက်ပျိုးနိုင်တော့မည်ဖြစ်သည့်အပြင် ပတ်ဝန်းကျင်သို့လည်း လျှပ်စစ်ဓာတ်အား ပေးဝေနိုင်မည်ဖြစ်ကြောင်းကို သိရှိရကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် ယနေ့ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း၌ ပြိုင်းချောင်းရေလှောင်တမံကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ တည်ဆောက်ဖွင့်လှစ်လိုက်သည့် ပြိုင်းချောင်းရေလှောင်တမံသည် နယ်မြေဒေသ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပတ်ဝန်းကျင်ဒေသ၏ စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုနိုင်တော့မည်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်လာသည်နှင့်အမျှ ထုတ်ကုန်သီးနှံများ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကြိတ်ခွဲခြင်းလုပ်ငန်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများပါ တိုးတက်ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်သည်နှင့်အမျှ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝသည်လည်း တိုးတက်မြင့်မားလာမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများနှင့်ထပ်တူ ဝမ်းသာပီတိဖြစ်မိပါကြောင်းကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုရလာသည်နှင့်အမျှ စီးပွားရေးခိုင်မာတောင့်တင်းအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးနိုင်သည့် ရေမြေသဘာဝရာသီဥတုနှင့် ပြည့်စုံကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်နေထိုင်ကြသည့် ကျေးလက်ဒေသနေ ပြည်သူများ၏ အဓိကကျသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းသည်လည်း စိုက်ပျိုးရေးလုပ်ငန်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင်နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် အခါမလပ်ကြပ်မတ်လမ်းညွှန်ပေးလျက်ရှိကြောင်း၊ လမ်းညွှန်ချက်များအပေါ် ဝန်ကြီးဌာနအနေဖြင့်လည်း နယ်မြေဒေသအလိုက် စိုက်ဧကများ တိုးတက်ဖော်ထုတ်နိုင်ရေး၊ တစ်ဧကသီးနှံအထွက်နှုန်းများတိုးတက်ရေး၊ သီးနှံများ အကြိမ်ကြိမ်စိုက်ပြီး သီးနှံစိုက်စွမ်းအား တိုးမြင့်လာစေရေးတို့အတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍ၌ လိုအပ်သည့် စိုက်ပျိုးရေ ရရှိစေရေး ရေလှောင်တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေစီမံကိန်းများကို နယ်မြေအလိုက် သဘာဝအခြေအနေပေးမှုများအပေါ် အခြေခံပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိကြောင်း၊ ဒေသအလိုက်ရှိနေသည့် သဘာဝအခြေအနေပေါ်မူတည်ပြီး အကြီးစား၊ အလတ်စား၊ အငယ်စား ရေလှောင်တမံများ နယ်မြေအလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ ရေလှောင်တမံစီမံကိန်းများနှင့် ရေရရှိရေးစီမံကိန်းများကြောင့် နိုင်ငံတော်၏နယ်မြေတိုင်း၌ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာသည့် အကျိုးရလဒ်များ ရရှိနေပြီဖြစ်ကြောင်း၊ ထို့အပြင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက်

အထောက်အကူ ပြုနေပြီဖြစ်ကြောင်း၊ တည်ဆောက်ပြီးဖြစ်သည့် ရေလှောင်တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေ ရရှိရေး စီမံကိန်းများကြောင့် တစ်နိုင်ငံလုံး သီးနှံစိုက်ပျိုးမှု၌လည်း နှစ်ဆခန့် တိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ ၁၉၈၈-၈၉ ခုနှစ်က စုစုပေါင်း သီးနှံစိုက်ဧက ၂၃ ဒသမ ၈ သန်းရှိခဲ့ရာက ယခုစုစုပေါင်း သီးနှံစိုက်ဧက ၄၆ ဒသမ ၃၄ သန်းကျော်အထိ တိုးတက်လာပြီဖြစ်ကြောင်း၊ သီးနှံအသားတင် စိုက်ဧကအနေဖြင့် ၁၉၈၈-၈၉ခုနှစ်က ဧက ၁၉ ဒသမ ၉ သန်း ရှိခဲ့ရာက ယခု ဧက ၂၉ ဒသမ ၃၇ သန်းရှိနေပြီဖြစ်ကြောင်း၊ ရေသောက်ဧရိယာသည်လည်း ၅ ဒသမ ၂၇၈သန်းအထိ တိုးတက်လာပြီး ရေသောက်ဧရိယာအပါအဝင် စိုက်ပျိုးမြေများ၌ သီးနှံများ အကြိမ်ကြိမ် စိုက်ပျိုးလာနိုင်သည့်အတွက် သီးနှံစိုက်စွမ်းအားလည်း ၁၅၇ ရာခိုင်နှုန်းကျော် ရှိလာပြီဖြစ်ကြောင်း၊ လယ်ယာကဏ္ဍအနေဖြင့် နိုင်ငံတော်၏ထုတ်လုပ်မှုတန်ဖိုးသည် ၄၀ ဒသမ ၂ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးလာနိုင်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာမှုနှင့်အတူ တောင်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာမှုကိုလည်း ဝမ်းမြောက်ဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

### ရာသီဥတုကောင်းများရှိ

ခြံစည်းရိုးကြက်ဆူပင်သည် နိုင်ငံတော်အတွင်း ဒေသမရွေး၊ မြေအမျိုးအစားမရွေး ရှင်သန်ဖြစ်ထွန်းနိုင်သည့် အဖိုးတန် သီးနှံပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ခြံစည်းရိုးကြက်ဆူပင်ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စိုက်ပျိုးနေကြပြီဖြစ်ကြောင်း၊ စိုက်ပျိုးထားပြီးဖြစ်သည့် ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းရေးနှင့် သတ်မှတ်စိုက်ဧကအတိုင်း အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ကျောက်တော်ဒေသအပါအဝင် ရခိုင်ပြည်နယ်သည် သီးနှံစုံ စိုက်ပျိုးထုတ်လုပ်နိုင်သည့် ရေခံ၊ မြေခံနှင့် ရာသီဥတုကောင်းများ ရှိပြီးဖြစ်ကြောင်း။

ယခုဖွင့်လှစ်လိုက်သည့် ပြိုင်းချောင်းရေလှောင်တမံသည် သဘာဝ အခြေအနေပေးမှုအပေါ် တည်ဆောက်ထားသည့် အလတ်စား ရေလှောင်တမံ တစ်ခုဖြစ်ပြီး တပ်မတော်အစိုးရလက်ထက် ၁၉၇ ခုမြောက် ဖွင့်လှစ်လိုက်သည့် ရေလှောင်တမံစီမံကိန်းဖြစ်ကြောင်း။

### တည်ဆောက်ပေးထား

ရေလှောင်တမံကို နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ၂၉၉၈၅ ဧကပေ ရှိသည့် ပြိုင်းချောင်းကို ပိတ်ပြီး ရေဧကပေ ၂၄၂၉၀ သိုလှောင်နိုင်အောင် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ပင်မတမံအမြင့် ၁၀၆ ပေရှိပြီး ကုန်းကျောတမံ လေးခု ပါဝင်ကြောင်း၊ ပင်မတမံအလျားမှာ ပေ ၈၆၀ ရှိပြီး ကုန်းကျောတမံများမှာ တမံအလျား ၉၂၅ ပေရှိကြောင်း၊ နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၄၄၆၀ အကုန်အကျခံ တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း။

ဤရေလှောင်တမံအနေဖြင့် ကျောက်တော်မြို့နယ်အတွင်း ကျေးရွာအုပ်စု ငါးခုက လယ်ယာမြေဧက ၅၀၀၀ကို အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ဤဒေသ၌ မူလက မိုးစပါးတစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုမိုးစပါးအပြင် ဒုတိယသီး ထပ်နွေစပါးပါ ထပ်မံစိုက်ပျိုးနိုင်အောင် ရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း၊ မူလသီးနှံ စိုက်စွမ်းအား ၁၀၀ ရာခိုင်နှုန်းကနေ ၁၂၀ ရာခိုင်နှုန်းအထိ တိုးတက်လာတော့မည်ဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဒေသခံ တောင်သူများ၏ ဝင်ငွေတိုးတက်လာအောင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးအတွက် လိုအပ်မည့် ပံ့ပိုးကူညီမှုလုပ်ငန်းများကို တောင်သူများနှင့် လက်တွဲပြီး အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ ဦးဦးထွန်းရွှေက ပြိုင်းချောင်းရေလှောင်တမံကို တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် တိုင်းမှူးက စက်ခလုတ်နှိပ်၍ ပြိုင်းချောင်း ရေလှောင်တမံ ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့်ဧည့်သည်များက ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖဲကြိုးဖြတ်၍ ပြိုင်းချောင်း ရေလှောင်တမံကို ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး၊ ဝန်ကြီးတို့သည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရှုရပ်အမြင့်ပိုင်းမှ ပြိုင်းချောင်း ရေလှောင်တမံ၏ ပင်မတမံ၊ ရေထုတ်ပြွန်၊ ရေသိုလှောင်ရရှိမှု၊ ရေပိုလွှဲနှင့် ပင်မမြောင်းမှ ဆည်ရေပေးဝေမှုတို့ကို ကြည့်ရှုကြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က ပြိုင်းချောင်း ရေလှောင်တမံ စီမံကိန်းတည်ဆောက်ခဲ့မှုနှင့် လုပ်ငန်းများ မှတ်တမ်းတင်ထားရှိမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ တာဝန်ခံများနှင့် ရခိုင်ပြည်နယ် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များအား စိုလ်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ရေပေးမြောင်းများ ကြံ့ခိုင်ရေး၊ ဆည်ရေပေးဝေရေး ကိစ္စရပ်တို့ကို မှာကြားကာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် ပြိုင်းချောင်းရေလှောင်တမံ၏ ရေထုတ်ပြွန်နှင့် ရေပိုလွှဲအဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြိုင်းချောင်းရေလှောင်တမံသည် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မင်ဒန်းကျေးရွာအနီး၌ ရေဆင်းဧရိယာ (၅)စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ၂၉၉၈၅ ဧကပေရှိသည့် ပြိုင်းချောင်းပေါ်တွင် တည်ဆောက်ထားပြီး အမြင့် ၃၈ ပေ၊ အလျား ၉၂၅ ပေရှိသည်။

သံကူကွန်ကရစ်အမျိုးအစား ရေထုတ်ပြွန်သည် အကျယ်လေးပေ၊ အမြင့်ခြောက်ပေရှိကာ အလျားပေ ၆၃၀ ရှိပြီး အသေးစားရေအားလျှပ်စစ် ထုတ်ယူနိုင်ရန် လျှပ်စစ်ဓာတ်အား ထုတ်ပိုက်တပ်ဆင်ထားသည်။ ရေပိုလွှဲသည် အကျယ်ပေ ၃၀၊ အလျားပေ ၅၅၀ ရှိသည်။ ဆည်ရေသောက်စနစ်တွင် တူးမြောင်းမကြီးသည် ရှစ်မိုင်ရှည်၍ လက်တံမြောင်းများသည် ၁၃ မိုင်ရှည်ကာ တူးမြောင်းအဆောက်အအုံ ၁၆၃ ခုပါရှိသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျောက်တော်မြို့နယ် စပါးဆိပ် ကျေးရွာတစ်ဝိုက်တွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ ကျောက်တော်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်ကျော်က စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးဝင်းမြင့်က စိုက်ပျိုးနည်းစနစ် နည်းပညာပေးမှုနှင့် မျိုးလဲလှယ်ပေးမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

### ကူညီပံ့ပိုးမှုများပေး

ဆက်လက်၍ တောင်သူလယ်သမားများက စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေနှင့် သီးနှံဈေးကွက် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က ကူညီပံ့ပိုးမှုများပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ခင်းကျင်းပြသထားသော သီးနှံမျိုးစေ့ပြကွက်၊ မြေအသုံးချပြကွက်နှင့် မြေသြဇာနှင့် ပိုးသတ်ဆေးပြကွက်များကို တောင်သူလယ်သမားများနှင့်အတူ ကြည့်ရှုကြရာ တာဝန်ခံများက ရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် နွေစပါးစိုက်ခင်းများတွင် သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာ ကြဲပက်မှု၊ သမန်းနှိုးပေါင်းလိုက် ကိရိယာများဖြင့် သမန်းနှိုးပေါင်းလိုက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

### ဆောင်ရွက်ပေး

စပါးဆိပ်ကျေးရွာတစ်ဝိုက်၌ ယခင်က နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိဘဲ မိုးစပါးတစ်သီးသာ စိုက်ပျိုးရာမှ ယနေ့ဖွင့်လှစ်လိုက်သော ပြိုင်းချောင်း ရေလှောင်တမံက ပေးဝေသည့်ရေဖြင့် ကျေးရွာအုပ်စုသုံးစုတွင် နွေစပါးဧက ၁၀၀၀ ကျော် ပထမဦးဆုံးအကြိမ် စိုက်ပျိုးနိုင်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးထားသည့် စပါးခင်းများ ပန်းတိုင်အထွက်နှုန်းကျော်လွန်၍ တောင်သူများ စီးပွားဖြစ်ထွန်းစေရန် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနမှ ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁-၄-၂၀၀၇(တနင်္ဂနွေနေ့ )**

**(၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်နေ့ (ဥပုသ်နေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ

၈:၁၅ ၇။ အတီးပြိုင်ပွဲ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Say it in English.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၅ ၂။ တေးဂီတအစီအစဉ်

၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁:၄၀ ၄။ Yan Can Cook.

၁၁:၅၅ ၅။ **မြန်မာရုပ်ရှင် "ကညာပျိုနဲ့ဇရာအို" (ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ ခင်သန်းနု၊ စံရှားတင်) (ဒါရိုက်တာ- ဘိတ်ကလာတဲ့ငံပြာရည်)**

၂:၀၀ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ကျောက်ကလပ်မှ မျှင်ငပိနှင့် ငံပြာရည်လုပ်ငန်း)

၂:၁၀ ၇။ အရေးပြိုင်ပွဲ

၂:၂၀ ၈။ "အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ" (စိုးသူ၊ နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)

၂:၃၅ ၉။ တိပိဋကသာသနာ့အာဇာနည် ပေါ်ထွန်းစေဖို့ရည်

၂:၄၅ ၁၀။ International News.

၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး

၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒအထူးပြုများ) (သတ္တဗေဒ)**

၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၅:၃၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်

၆:၀၀ ၈။ ညနေခင်းသတင်း

၆:၃၀ ၉။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၀။ သီရိဂေဟာ

၇:၀၀ ၁၁။ သာစုခေါ်ဆိုဖွယ်ရာ အလင်းအလှူတော်မင်္ဂလာ

၇:၁၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၁၅)**

၈:၀၀ ၁၃။ ပြည်တွင်းသတင်း

၁၄။ နိုင်ငံတကာသတင်းများ

၁၅။ မိုးလေဝသအခြေအနေ

၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းနှင်းဆီ" (အပိုင်း-၆)**

၁၇။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**

၁၈။ နောက်တစ်နေ့အစီအစဉ်

၁၉။ အစီအစဉ်ပြီး၏။




**ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေး သင်တန်းအမှတ်စဉ် (၁၆/၂၀၀၇) ဆင်းပွဲ တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်ရင်းများ ကွပ်ကဲမှု အဖွဲ့မှူးရုံး ကွပ်ကဲရေးမှူး ရဲမှူးချုပ်သန်းဟန် အမှာစကားပြောကြားစဉ်။** (ပြည်ထဲရေး)

## ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေး သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၃၁**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေး သင်တန်း အမှတ်စဉ် (၁၆/၂၀၀၇)ဆင်းပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီတွင် ပြည်ထဲရေးဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများ ကွပ်ကဲမှု အဖွဲ့မှူးရုံး ကွပ်ကဲရေးမှူး ရဲမှူးချုပ် သန်းဟန် တက်ရောက်အမှာစကား ပြောကြားသည်။

သင်တန်းကို ရက်သတ္တ ၁၂ ပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ရဲအရာရှိ ၃၉ ဦး တက်ရောက်ခဲ့ကြကြောင်းနှင့် သင်တန်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ကမ္ဘာလှည့်ခရီးသည်များ လုံခြုံစိတ်ချမှုရှိစေရေးနှင့် စိတ်အေးချမ်းမြေ့စွာ သွားလာလည်ပတ်နိုင်ကြစေရေး အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကူညီဆောင်ရွက်သွားနိုင်ရန် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

### ❀ အာရုံကြောဆိုင်ရာမှ

ယင်းဓာတ်ပစ္စည်းက ကနေဒီရောဂါကို သက်သာစေခြင်းဖြစ်ကြောင်း ဒေါက်တာ ရန်ကျီမင်းနှင့်အဖွဲ့က တွေ့ရှိခြင်းဖြစ်သည်။ ၎င်းသည် တရုတ်နိုင်ငံ စီကျန်းတက္ကသိုလ်မှ ပညာရှင်တစ်ဦးဖြစ်သည်။

ဒေါက်တာရန်သည် အမေရိကန်နိုင်ငံ ရော်ချက်စတာ တက္ကသိုလ်တွင် ရှိစဉ်က ပါမောက္ခ ချောင်ချန်ရှမ်း၏ ကြီးကြပ်မှုအောက်တွင် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုဓာတ်ခွဲခန်းရှိ ကြွက်ငယ်အစုံပေါင်း ၆၀ကို လူသားများတွင် ဖြစ်ပွားသည့် အာရုံကြောဆိုင်ရာ အားနည်းသောရောဂါကို ဖြစ်ပွားအောင် ဖန်တီးပေးသည်။

ထို့နောက် ယင်းကြွက်များကို အစုံ ၃၀စီ တွဲယူလိုက်သည်။ တစ်စုံတိုင်းလျှင် ကြွက်တစ်ကောင်ကို အေအက်စီ-ဂျေနိုင်း (ASC-J9) ပေး၍ ကုသသော်လည်း ကျန်တစ်ကောင်ကို ထိုဓာတ်ပစ္စည်းမပါဘဲ ရိုးရိုးအစာသာ ကျွေးသည်။ အချိန်အတန်ကြာလာသောအခါ ကုသမှုခံရသော ကြွက်က သွားလာမှုလှုပ်ရှားမှု သွက်လက်သည်ကို လည်းကောင်း၊ ကြွက်ငယ်ကလေးများ ပေါက်ဖွားနိုင်သည်ကို လည်းကောင်း၊ အသက်ပိုရှည်သည်ကိုလည်းကောင်း တွေ့ကြရသည်။

ASC-J9 ဆေးဖြင့် ကုသမှုမခံရသော ကြွက်ငယ်များ၌မူ လှုပ်ရှားမှု နှေးခြင်း၊ မျိုးမပွားနိုင်ခြင်း၊ အသက်တိုခြင်းစသည့် လက္ခဏာများကို တွေ့ရသည်။ သို့ဖြစ်၍ ASC-J9 ဓာတ်ပစ္စည်းသည် ကနေဒီရောဂါ ခံစားနေသူများကို ဝေဒနာသက်သာစေရန် ကုစားပေးနိုင်သည့် အစွမ်းရှိသည်ဟု မှတ်ယူနိုင်ပေသည်။

ထိုပစ္စည်းကို ဆေးဝါးတစ်ခုအဖြစ် သုံးစွဲနိုင်စေရန် စမ်းသပ်မှုအတော်များများ ဆက်လက်ပြုလုပ်ရန် လိုအပ်ဦးမည်ဖြစ်သည်။ အကယ်၍ အောင်မြင်ပါက ကနေဒီ ရောဂါခံစားနေရသူများအတွက် အားကိုးရမည့် ဆေးတစ်လက် ပေါ်ထွက်လာဖွယ်ရာရှိသည်ဟု ဒေါက်တာရန်က ပြောကြားသည်။

ကနေဒီရောဂါသည် ခါးရိုးနှင့် ကြွက်သားများ အားနည်းသောရောဂါဖြစ်သည်။ လေးသောင်းလျှင် ထိုရောဂါ ခံစားရသူ တစ်ဦးရှိတတ်သည်။ စကားပြောရန် ခက်ခဲခြင်း၊ အစာမျိုရ မလွယ်ကူခြင်း၊ ခြေနှင့်လက်များ ကျုံ့လှီအားနည်းလာခြင်း စသည်များသည် ယင်းရောဂါ၏ လက္ခဏာများဖြစ်သည်။

အသက်(၃၀)ကျော်နှင့်(၄၀)အရွယ်တွင် ထိုရောဂါ ဖြစ်ပေါ်လာတတ်ပြီး ရောဂါ အခြေအနေဆိုးလျှင် ဘီးတပ်ကုလားထိုင်ဖြင့် သွားလာလှုပ်ရှားရသည့် အခြေအနေသို့ ရောက်ရှိသွားနိုင်သည်။

**အင်တာနက်**

## ရွှေဖီနပ် ရှပ်တိုက်စီးစာအုပ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် မတ် ၃၁**

ဆရာချစ်နိုင် (စိတ်ပညာ) ရေးသား၍ နိုင်စာပေမှ ထုတ်ဝေဖြန့်ချိသော **"ရွှေဖိနပ် ရှပ်တိုက်စီး"** စာအုပ် ထွက်ရှိလာသည်။

ဤစာအုပ်နှင့် ပတ်သက်၍ စာရေးသူက "၂၀၀၆ ခုနှစ်အတွင်း စာရေးသူ သွားရောက်ခဲ့သော ပြည်တွင်းခရီးသွား မှတ်တမ်းအချို့နှင့် ဒို့ကျေးရွာ(တို့ကျေးရွာဂျာနယ်)၌ ခေါင်းကြီးအတွက် ရေးသားခဲ့သော စာအချို့ကို စုစည်းဖော်ပြထားကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေး အမြင်များဖြင့် အနာဂတ်ကာလကို ပိုမိုတောက်ပလင်းလက်အောင် အကောင်အထည်ဖော်ကြရမည့် လူငယ်လူရွယ်များအတွက် အထောက်အကူ ဖြစ်စေလိမ့်မည်ဟု ယုံကြည်ပါကြောင်း" ဖော်ပြထားသည်။

စာအုပ်တန်ဖိုးမှာ ငွေကျပ် ၁၀၀၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

**ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် တပ်မတော်စံပြရပ်ကွက် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ထရန်စဖော်မာ ဖွင့်ပွဲကို မတ် ၂၅ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးနောင် ဖဲကြိုးဖြတ် ဖွင့်လှစ်စဉ်။** (၅၃၂)



# အခြေခံကွန်ပျူတာသင်တန်း( အရာရှိ )အမှတ်စဉ်( ၁ )သင်တန်းဆင်းပွဲ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်အမှာစကားပြောကြား

နေပြည်တော်   မတ်   ၃၁

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်း(အရာရှိ)အမှတ်စဉ်(၁)သင်တန်းဆင်းပွဲကို မတ် ၃၀ရက် နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။**





**အခြေခံကွန်ပျူတာသင်တန်း (အရာရှိ) အမှတ်စဉ်(၁)သင်တန်းဆင်းပွဲတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**တက်ရောက်**

အခမ်းအနားသို့ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကား ပြောကြားပြီး သင်တန်းတွင် ပထမဆုရ ဦးထွန်းထွန်းစိုး၊ ဒုတိယဆုရ ဦးမျိုးဇော်သန်း၊ တတိယဆုရ ဦးဝင်းမြတ်စိုးတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူအရာရှိ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



**ကွယ်လွန်သူ ဗိုလ်မှူးကြီးတင်မောင်မြင့် ကိုးနှစ်မြောက်အား ရည်စူး၍ ဇနီး ဒေါ်သန်းသန်းမြင့်မိသားစု (ဂန့်ဂေါ်မြိုင်လမ်း သုဝဏ္ဏမြို့ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်မြို့)မှ ကြေးပိဋကတ်တော်များ ထည့်သွင်းပူဇော်ရန် ကြေးပိဋကတ်တိုက်တော်ကြီး တည်ဆောက်ရေး မတည်ရန်ပုံငွေ ကျပ်၁၀၀၀၀၀ ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရာဌာန ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဉာဏထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## ပန်းတည်းတန်းအရုဏ်တော်ဝတ်အသင်းတရားပွဲ

**ရန်ကုန် မတ် ၃၁**

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်၊ ပန်းတည်းတန်းအရုဏ်တော်ဝတ်အသင်း ဓမ္မာရုံတွင် သင်္ကြန်တွင်းမိုးကုတ်အထူးတရားစခန်းကို ဧပြီ ၁၃ရက်မှ ဧပြီ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာတိုက် ရွှေလှိုင်ကျောင်း ဆရာတော် ဘဒ္ဒန္တသံဝရဇောတိက သီလပေးပြီး နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်။ မွန်းလွဲ ၂နာရီတွင် စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက် မဏိရတနာကျောင်း၊ မိုးကုတ်အဖွဲ့ချုပ် ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပညာဇောတက မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်တရား၊ သစ္စာတရား၊ ပဋိစ္စသမုပ္ပါဒ်တရား၊ နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း(၂၁၂၀၉၂) သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

**(က-ပ)**

## သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်းရှိ ယာဉ်ကြော(၃)ကြောရှိသည့် လမ်းများပေါ်တွင် ယာဘက်ယာဉ်ကြောအား မိုင်(၂၀)နှုန်း ဖြည်းဖြည်းမောင်းနှင်ရန်၊ အလယ်ယာဉ်ကြောမှ ပုံမှန်မိုင်(၃၀)နှုန်းမောင်းနှင်ရန်နှင့် ဝဲဘက်အစွန်ယာဉ်ကြောမှ ကျော်တက်ချိန်အရှိန်နှုန်းမိုင်(၄၀)နှုန်းမောင်းနှင်ပြီး အလယ်ယာဉ်ကြောသို့ပြန်လည်ဝင်ရောက်မောင်းနှင်ရန် ဖြစ်ပါသည်။ ခရီးသည်တင်ယာဉ်များမှာယာဘက်အစွန်ယာဉ်ကြောမှသာ မောင်းနှင်ကြရန် ဖြစ်ပါသည်။ ဖြည်းဖြည်းမှန်မှန်သာ မောင်းနှင်နိုင်သည့်ယာဉ်များဝဲဘက်အစွန်ဆုံးယာဉ်ကြောတွင်ဝဲဘက်ကွေ့မည့်အချိန်မှလွဲ၍ကျန်အချိန်များယာဉ်ကြောပိတ် မောင်းနှင်ခြင်းမပြုရန်။ သို့ပါ၍ သတ်မှတ်ထားသည့်ယာဉ်ကြောအတိုင်း မောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ပြည်တွင်းသတင်းမှတ်စု

The Mirror

### ဖောင်းပြင်မြို့နယ် သန့်ရှင်းသာယာရေးဆောင်ရွက်

စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြနှင့်ကျေးလက်သန့်ရှင်းသာယာလှပရေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မတ် ၁၇ရက်က မြို့ဆိပ်ကမ်းသာယာလှပရေးအတွက် စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာများစုပေါင်းကာ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။ ထို့အတူ မတ် ၂၄ရက်ကလည်း မြို့သာယာလှပရေးအတွက် လမ်းဘေးတစ်လျှောက်ဆေးသုတ်ခြင်း၊ ပန်းခုံများတွင် ပန်းအလှပင်များစိုက်ပျိုးခြင်းနှင့် ရေမြောင်းများရေစီးရေလာကောင်းမွန်အောင်ရှင်းလင်းခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

---

### စာကြည့်တိုက်များ ဖွံ့ဖြိုးတည်တံ့ရေးဆွေးနွေး

တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ထူး၊ ရုပ်သံကျွမ်းကျင်-၃ ဦးသိန်းဌေး၊ ဓာတ်ပုံကျွမ်းကျင်-၂ ဦးတင်စိုးလွင် တို့သည် မတ် ၇ရက်တွင် ဥသျှစ်ကုန်းကျေးရွာ ပညာအလင်းရောင်စာကြည့်တိုက်၊ မကျီးပင်ကျေးရွာရောင်ခြည်ဦးစာကြည့်တိုက်၊ ကြို့ပင်သာကျေးရွာ ပွင့်စာကြည့်တိုက်များရှိ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ စာကြည့်တိုက်များ တည်တံ့ခိုင်မြဲရေး ရေရှည်လုပ်ငန်းစဉ်(၅)ရပ်တို့အား ရှင်းလင်းဆွေးနွေးခြင်းနှင့် စာကြည့်တိုက်များ စစ်ဆေးခြင်းများ ဆောင်ရွက်ကြောင်း သတင်းရရှိသည်။

---

### သန်လျင်မြို့နယ်၌ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

သန်လျင်မြို့နယ်ရှိ အမှတ်(၁)ရေနံချက်စက်ရုံဂေါက်ကွင်း၌ မတ် ၂၇ ရက်က ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရာ သန်လျင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ ပြိုင်ပွဲဝင် ၆၄ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား သန်လျင်ဂေါက်ကွင်းကော်မတီ ဥက္ကဋ္ဌ သန်လျင်ရေနံချက်စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးဖေသက်ညွန့်က ဆုများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**(ကြေးမုံ)**

## သင်္ကြန်ရွှေဖလားနှင့် ကေအမ် ဂေါက်သီးရိုက်ပြိုင်ပွဲ ပြင်ဦးလွင်ဂေါက်သီးရိုက်ကွင်း၌ကျင်းပမည်

**ရန်ကုန် မတ် ၃၁**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းတို့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲ ဖြစ်သော (၄၉)ကြိမ်မြောက် ပြင်ဦးလွင် သင်္ကြန် ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ (49th Pyin Oo Lwin Thingyan Gold Cup 2007 )နှင့် Pyin Oo Lwin KM Golf Open Championshipပြိုင်ပွဲတို့ကို ဧပြီ ၁၂ရက်မှ ၁၅ရက်အထိ မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင် ဂေါက်သီးရိုက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ပူးတွဲကျင်းပမည် ဖြစ်သည်။

ယင်းပြိုင်ပွဲတို့တွင် Professional Golfer အဆင့်ပြိုင်ပွဲ၊ Amateurပြိုင်ပွဲ၊ ရွှေ၊ ငွေ၊ ကြေးအဆင့်လိုက် တစ်ဦးချင်းနှင့်အသင်းလိုက်ပြိုင်ပွဲများ၊သက်ကြီးတန်းနှင့် အမျိုးသမီးပြိုင်ပွဲများဟူ၍ ခွဲခြားကျင်းပသွားမည် ဖြစ်သည်။

ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် KMGolfCentre ကအဓိကပံ့ပိုးကူညီပြီး ဆုကြေးအဖြစ် ငွေကျပ်သိန်းတစ်ရာကျော် ချီးမြှင့်သွားမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော ဂေါက်သီးရိုက်အသင်းများနှင့် ဂေါက်သီးရိုက်အားကစားသမားများသည် ဧပြီ ၁၁ ရက် မွန်းလွဲ ၁နာရီနောက်ဆုံးထား၍ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း ဖုန်း-၀၈၅-၂၂၃၈၂ သို့ စာရင်း ပေးသွင်းနိုင်သည်။

အသေးစိတ်သိလိုပါက ဦးချစ်ထူး (အတွင်းရေးမှူး) ဖုန်း-၀၈၅-၂၁၇၄၁၊ မန်နေဂျာ (ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း) ဖုန်း-၀၈၅-၂၂၃၈၂ နှင့် ဦးကျော်ဌေးကို ဖုန်း-၀၉-၂၀၄၄၀၇၅ တို့သို့ ဆက်သွယ်နိုင်သည်။

တည်းခို နေထိုင်နိုင်ရေးအတွက် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းနှင့်ကြိုတင် ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူး၍ သိမ်ဖြူရထား ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဖွင့်လှစ်သောနွေရာသီအမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဆင်းပွဲကို မတ် ၃၀ ရက်က အမက(၅)ကျောင်းခန်းမ၌ ပြုလုပ်ရာ သင်တန်းအတွက် အလှူငွေ ကျပ်၁၅၀၀၀၀ကို ရပ်ကွက် တွဲဖက်စည်းရုံးရေးမှူးဦးစိန်ဝင်းမိသားစု ကပေးအပ်လှူဒါန်းရာကျောင်းအုပ်ဆရာမကြီးဒေါ်ဌေးဌေးရီလက်ခံရယူစဉ်။**(၃၂)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁-၄-၂၀၀၇ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | ၁။ မြဝတီအဖွင့် |
| ၇း၀၅ | ၂။ အဖွင့်သီချင်း |
| ၇း၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၁၅ | ၁၁။ အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ ပြီးပါပြီ။ |

**နေ့လယ်ပိုင်း**

| | |
|---|---|
| ၁၂း၀၀ | ၁။ မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၁၂း၂၀ | ၄။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂း၃၀ | ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်ဇာတ်လမ်း စက်များ** |
| ၁း၅၀ | ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၁း၅၅ | ၇။ အပိတ်နှုတ်ဆက်စကား |
| ၂း၀၀ | ၈။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄း၀၀ | ၁။ မြဝတီအဖွင့် |
| ၄း၀၅ | ၂။ အဖွင့်သီချင်း |
| ၄း၂၀ | ၃။ လက်စွမ်းပြပဟန်ဂီတသံ |
| ၄း၃၀ | ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄း၃၅ | ၅။ ချိုမြလက်သံငြိမ့်သောင်းဟန် |
| ၄း၄၅ | ၆။ ခါသင်္ကြန်အဆိုအကများ |
| ၄း၅၅ | ၇။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၀၀ | ၈။ သံစဉ်များနှင့်ကမ္ဘာ |
| ၆း၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ နိုင်ငံတကာသတင်း |
| ၆း၁၅ | ၁၁။ မိုးလေဝသသတင်း |
| ၆း၂၀ | ၁၂။ ခါသင်္ကြန်အဆိုအကများ |
| ၆း၃၀ | ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၄၀ | ၁၄။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၆း၄၅ | ၁၅။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၇း၀၀ | ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း-၃၆)** |
| ၈း၀၀ | ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၉။ ပဟေဠိနန်းတော် |
| | ၂၀။ ကျန်းမာရေးသုတ |
| | ၂၁။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင် |
| | ၂၂။ **ENGLISH PREMIER LEAGUE** ဘောလုံးပွဲ **-Tottenham Hotspur Vs Reading (Live)** |
| | ၂၃။ သင့်အတွက်မနက်ဖြန် |
| | ၂၄။ အပိတ်နှုတ်ဆက်စကား |
| | ၂၅။ ပြီးပါပြီ။ |

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)မှ တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးအသင်း သားဖွားခန်းသို့ ချဲ့စုပ်စက်လှူဒါန်း

နေပြည်တော် မတ် ၃၁

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)မှ တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းသို့ ချဲ့စုပ်စက်လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက အမှာစကားပြောကြားပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦးနှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို) အမှုဆောင် ဒေါ်ထွေးထွေးညွန့်တို့က ချဲ့စုပ်စက်လှူဒါန်းရခြင်းအကြောင်းကို ပြောကြားပြီး ချဲ့စုပ်စက်ကိုလှူဒါန်းရာ တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်က လက်ခံရယူသည်။

ထို့နောက် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## သွေးဆေးကန် အရှင်နန္ဒာစရိယ သကြိန်တရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မဲပလီကျေးရွာအုပ်စု အောင်သိဒ္ဓိကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ် (၃၀၂)၏သကြိန်အထူးတရားစခန်းပွဲ ကို ဧပြီ ၁၃ ရက်မှ ၁၇ ရက် (တန်ခူးလပြည့်ကျော် ၁၂ ရက်မှ ကဆုန်လဆန်း ၂ ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲ၌ ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်) သာသနဓဇ ဓမ္မာစရိယက ဂဏဝါစကဓမ္မာစရိယ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားတော်များကို ဟောကြားပြီး စခန်းရက်အတွင်း သာမဏေ၊ သီလရှင်၊ ဒုလ္လဘရဟန်းခံလိုသူများအား တရုတ်စုရွာနေ ဦးအောင်မြင့်-ဒေါ်ထွေးကြည် မိသားစုတို့က အကုန်ကျခံပြုလုပ်ကာ သာသနာ့ဘောင်သွတ်သွင်း ချီးမြှင့်မည်ဖြစ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

## ထူးခြားသည့် နေ့အပူချိန်များ

၃၁-၃-၂၀၀၇

**မင်းဘူး**

၄၃ ဒီဂရီစင်တီဂရိတ်
(၁၀၉ ဒီဂရီဖာရင်ဟိုက်)

**နေပြည်တော်၊ မုံရွာ၊ ညောင်ဦးနှင့် မကွေး**

၄၂ ဒီဂရီစင်တီဂရိတ်
(၁၀၈ ဒီဂရီဖာရင်ဟိုက်)

**ပခုက္ကူနှင့်စစ်ကိုင်း**

၄၁ ဒီဂရီစင်တီဂရိတ်
(၁၀၆ ဒီဂရီဖာရင်ဟိုက်)

**ရန်ကုန်**

၄၀ ဒီဂရီစင်တီဂရိတ်
(၁၀၄ ဒီဂရီဖာရင်ဟိုက်)



## ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန ကျောင်းဆင်းပဒေသာကပွဲကျင်းပ

ရန်ကုန် မတ် ၃၁

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ကျောင်းဆင်းပဒေသာကပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဆရာမများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူလေးများ တက်ရောက်ကြသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌကိုယ်စား ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်သဇင်နွယ်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင် ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါက်တာထွန်းရီက ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာနမှ ဆရာမများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ရာ ဆရာမများကိုယ်စား ဆရာမ ဒေါ်ထားထားရီကလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာခင်မြဝင်းက ကျောင်းတက်မှန်ဆုရ ဆရာမများအားလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦးက ကျောင်းဆင်းလက်မှတ်များကို ပေးအပ်ရာ တန်းခွဲများကိုယ်စား ဆရာမ ဒေါ်ဆွေဆွေဝင်းက လည်းကောင်း လက်ခံယူကြသည်။

ထို့နောက် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာနမှ ကျောင်းသား၊ ကျောင်းသူလေးများက ပဒေသာအကများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ မတ် ၂၄ ရက်က ကျင်းပခဲ့သည့် Mr. Rico ကာယဗလမောင်နှင့် Ms. Rina ကာယအလှမယ်ပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးခဲ့သည့် လသာမြို့နယ် လမ်း ၂၀ Prize Fitness Centerမှ ကာယအလှမယ်များအား ဆရာမြဦးမောင်နှင့်အတူ တွေ့ရစဉ်။** (ကြေးမုံ)



## မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် အမှုဆောင်နှင့် အဖွဲ့တွေ့ဆုံ

ရန်ကုန် မတ် ၃၁

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်အား အာရှအဆင့် လက်ဝှေ့ ဒိုင်လူကြီးသင်တန်းအတွက် ရန်ကုန်မြို့သို့ရောက်ရှိနေကြသော ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် အမှုဆောင် အာရှလက်ဝှေ့အဖွဲ့ချုပ် ဒိုင်လူကြီးကော်မတီဥက္ကဋ္ဌ ဆီးရီးယားနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Shbib M. Kamelနှင့် အာရှ လက်ဝှေ့အဖွဲ့ချုပ် အမှုဆောင် ဖိလစ်ပိုင်နိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး Mr. Rogelio Fortaleza တို့သည် မတ် ၃၀ ရက်တွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အတူ ဒုတိယဥက္ကဋ္ဌ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ခုနစ်ရက်တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၁

ဧရာဝတီတိုင်း အိမ်မဲမြို့ ကံလှပရိယတ္တိစာသင်တိုက်တွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနည်းအတိုင်း ပဓာနနာယက ဓမ္မာစရိယ ဓမ္မကထိကကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသောဘိတက ဦးစီးကျင်းပမည်ဖြစ်ရာ ဧပြီ ၂ ရက်မှ ၇ ရက်အထိ ရေလဲကျေးရွာ၊ ၈ ရက်မှ ၁၄ ရက်အထိ ချောင်းဖျားကြီးရွာတို့တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် တရားစခန်းဝင်လိုသော ယောဂီများ အကျိုးတော်ဆောင်အဖွဲ့သို့ အချိန်မီ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

## သာသနဇေယျမင်္ဂလာစာသင်တိုက် မဟာစည် ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၃၁

တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သာသနဇေယျမင်္ဂလာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒက ကမ္မဋ္ဌာနာစရိယအဖြစ် မဟာစည် ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၂ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူယောဂီများ ဧပြီ ၁၁ ရက်ညနေ အရောက်လာရောက်ကြရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

## ကိုးဘွဲ့ရ ဆရာတော် ဓမ္မသဘင်

ရန်ကုန် မတ် ၃၁

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော် အရှင် အာစာရာလင်္ကာရ အရှင်မြတ်သည် ဧပြီ ၁ ရက် နံနက် ၉ နာရီတွင် ကျိုက်ဝိုင်းဘုရားအနီး ပေါက်တန်းဒိတ်ကုန်းကျောင်း၊ ကိုးဘွဲ့ရ သိက္ခာထပ်ပွဲ၊ ညနေ ၅ နာရီတွင် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၊ ည ၇နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ထီးတန်းဓမ္မာရုံ၊ ည ၈ နာရီခွဲတွင် ဒေါပုံမြို့နယ် ပြာသာဒ်ကျောင်း၊ ဧပြီ ၂ ရက် ညနေ ၆ နာရီတွင် သာကေတမြို့နယ် သဒ္ဓါရုံ (၅)လမ်း၊ ည ၈နာရီတွင် တောင်ဒဂုံမြို့သစ် (၁၈)ရပ်ကွက် စည်ပင်လမ်း၊ ၃ရက် ညနေ ၄ နာရီတွင် မြောက်ဒဂုံမြို့သစ် (၇)ရပ်ကွက် ကလေးပွဲ၊ ညနေ ၆နာရီတွင် ရန်ကင်းမြို့နယ် (၆)ရပ်ကွက် ဓမ္မာရုံ၊ ည ၈နာရီတွင် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် အထူးပွဲ၊ ၄ရက် ညနေ ၆နာရီတွင် ရန်ကင်းမြို့နယ် (၆)ရပ်ကွက် ဓမ္မာရုံ၊ ည ၈နာရီတွင် လှိုင်မြို့နယ် နိဗ္ဗာန်လမ်း နာရေးကူညီမှုအသင်းများ၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၄-၂၀၀၇ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ဂုဏ်ပြုကြပါစို့ တရားတော် (အပိုင်း-၁) [အရှင်ဝီရိယ (ဓမ္မဘေရီ-တောင်စွန်း)] |
| ၅း၅၅ | တေးဂီတအစီအစဉ် |
| ၈း၀၅ | Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)၊] |
| ၉း၀၀ | တေးဂီတအစီအစဉ် |
| ၉း၀၅ | ပျိုမျစ်နုနယ်သော ကလေးငယ်များ၏အစွမ်း |
| ၉း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၄၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၀း၁၅ | ခါသကြ်န်အဆိုအက |
| ၁၀း၂၀ | အံ့ဖွယ်ထူးခြား မာရ်အောင်မြင် ပြည်တော်ပြန်ဘုရား (ဇလွန်မြို့) |
| ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၅၀ | တစ်သက်တာစိတ်ချမ်းသာဖို့ ဥယျာဉ်ခြံမြေစိုက်ပျိုးစို့ |
| ၁၁း၀၀ | ခါသကြ်န်အဆိုအက |
| ၁၁း၀၅ | Graphic Design (အပိုင်း-၁) (မြင့်မောင်ကျော်၊မျိုးမြတ်သူ) |
| ၁၁း၄၀ | ခါသကြ်န်အဆိုအက |
| ၁၁း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၅၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၂း၀၀ | သာသနာ့အနွယ်ဝင်သီလရှင် |
| ၁၂း၁၅ | ခါသကြ်န်အဆိုအက |
| ၁၂း၂၀ | မိခင်လောင်းများအတွက် အာဟာရ (ဒေါက်တာလှကြည်) |
| ၁၂း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၄၀ | ခါသကြ်န်အဆိုအက |
| ၁၂း၄၅ | တည်ငြိမ်အေးချမ်းစွာ တရားဘာဝနာ အားထုတ်နိုင်စေရာ |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၃၀ | ပွဲကြိုသုံးသပ်ချက် (၁) | 5-Sports |
| ၉း၀၀ | ပွဲကြိုသုံးသပ်ချက် (၂) | 5-Sports(Live) |
| ၉း၂၅ | Tottenham - Reading | 5-Sports(Live) |

### Series A ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၃၀ | Inter Milan-Parma | 5-Series(Live) |
| ၁၀း၃၀ | Udinese-Lazio | 5-Sports(Live) |

# ငွေဆောင်ကမ်းခြေဗုံ မြန်မာနှစ်သစ်ကူးကို နွေးထွေးစွာကြိုဆိုပါ၏

1. BAY OF BENGAL-667024, 042 40346
2.AURIEUM PALACE-503826, 042-40218~9
3.SUNNY PARADISE-546002~008, 095200594
4.DREAM PARADISE-546002~008, 095200594
5.SEA BREEZE - 095200875
6.ROYAL TREASURE-042 40238
7.OLYMPIC- 211428, 211430
8.AMBO- 543162~63
9.ASIA WORLD
10.PALM BEACH-501937, 4481332
11.SHWE THA ZIN-224581, 223453
12.EMERALD SEA-095200890, 042 40247
13.PEARL NGWE SAUNG-095200650, 042 40230
14.YUZANA-549600, 042 40323
15.SILVER VIEW-502681, 042 40319
16.YAMONAROO-724613
17.MYANMAR TREASURE-513300, 042 40226
18.GOLDEN SHELL-226595, 214059
19.SHWE HINTHA-09 5200618, 042 40340
20.CHAUNG THA OO-254708~09
21.THE SERENITY-511098, 042 40320
22.NGWE SAUNG BEACH(HTOO) -513300


## အရှင်ဇဝန(ပဲခူး)၏ ဓမ္မသဘင်

**ရန်ကုန် မတ် ၃၁**

ရန်ကုန်မြို့ သုဝဏ္ဏ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် စံရိပ်ငြိမ်ကျောင်းတိုက် ဆရာတော် အရှင်ဇဝန (ပဲခူး)အရှင်သူမြတ်သည် ဧပြီ ၁ ရက်၊ ၂ ရက်တွင် ကော့မှူးမြို့နယ်၊ ဘို့ဒင်ရွာ ဘုရားပွဲ၊ ၃ ရက်တွင် ဇလွန်မြို့ ဦးသီလ နှစ်တစ်ရာပြည့် ဓမ္မသဘင်၊ ၄ ရက်တွင် တောင်ဥက္ကလာပ(၁၃) ကြာသပတေးဆွမ်းလောင်းအသင်း ဓမ္မသဘင်၊ ၅ ရက်၊ ၆ ရက်တွင် မော်လမြိုင်မြို့၊ လမုတန်းရပ်ကွက် ပဌာန်းအောင်ပွဲ ဓမ္မသဘင်၊ ၇ ရက်တွင် ညောင်တုန်းမြို့၊ ဖိုးခုံစုကျောင်းဘုရားပွဲ၊ ၈ ရက်၊ ၉ ရက်တွင် ပဲနွယ်ကုန်းမြို့ ဦးမောင်စိုး-ဒေါ်ကျင်နွဲ့ သိက္ခာထပ်၊ ရဟန်းခံရှင်ပြု ဓမ္မသဘင်၊ ၁၁ ရက်၊ ၁၂ ရက်တွင် ပဲနွယ်ကုန်းမြို့၊ ခင်သာရွာ ဦးစံရှိန်း-ဒေါ်သန်းမြင့် ရဟန်းခံရှင်ပြု ဓမ္မသဘင်၊ ၁၉ ရက်၊ ၂၀ ရက်တွင် သနပ္ပင်မြို့ တာဝရွာ ဓမ္မသဘင်၊ ၂၂ ရက်တွင် ကော့မှူးမြို့ စုပေါင်းရှင်ပြု အလှူတော်မင်္ဂလာဓမ္မသဘင်၊ ၂၃ ရက်တွင် သာကေတ သုမန (၅)လမ်း မလွန်ဆန်လှူ ဓမ္မသဘင်၊ ၂၆ရက်တွင် ပုသိမ်မြို့ မရမ်းချိုကျောင်း ဆရာတော်ဦးသော ဘိတ ပူဇော်ပွဲဓမ္မသဘင်၊ ၂၇ရက်တွင် တောင်ဥက္ကလာ (၁၀) ရပ်ကွက် ပဌာန်းအောင်ပွဲ ဓမ္မသဘင်တို့၌ တရားဓမ္မ ဟောကြားတော်မူမည်ဖြစ်ပြီး ဆရာတော်နှင့် ဆက်သွယ်လိုလျှင် ဖုန်း ၀၁-၇၂၄၆၄၆သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

## အင်တာနက် အားကစား သတင်းများ

## ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ပြင်ဆင်ပြောင်းလဲရေး ယူအီးအက်ဖ်အေ စဉ်းစား

**လန်ဒန် မတ် ၃၀**

၂၀၀၉ ခုနှစ်မှစ၍ ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ) ဖလားဘောလုံးပြိုင်ပွဲရှုံးထွက်အဆင့်တွင် အနိုင်ရရှိသည့် အသင်းများအား ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပေးဖွယ်ရှိကြောင်း ယူအီးအက်ဖ်အေက ယနေ့ အတည်ပြုပြောကြားသည်။

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ကျင်းပပုံစနစ်ကို ပြုပြင်ပြောင်းလဲရန် မိမိတို့ဆွေးနွေးလျက်ရှိကြောင်း၊ ယူအီးအက်ဖ်အေအောက်တွင် အသစ်ဖွဲ့စည်းလိုက်သော မဟာဗျူဟာကော်မတီ၏ ဇွန်လ အစည်းအဝေးတွင် မိမိတို့ ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်သွားမည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေ ဆက်သွယ်ရေးဒါရိုက်တာ ဝီလျံဂီးလတ်ကပြောကြားသည်။ **အင်တာနက်**



**ဂျာမန်လူမျိုး ဘောလုံးသမားဟောင်း ဖရန့်ဘက်ကင်ဘောင်ဝါ။**

*(ဓာတ်ပုံ-အင်တာနက်)*

## ဝင်ငွေအကောင်းဆုံးဘောလုံးသမား ရော်နယ်လ်ဒင်ဟို

**လန်ဒန် မတ် ၃၀**

ဘာစီလိုနာအသင်း၏ ဘောလုံးကြယ်တစ်ပွင့်ဖြစ်သူ ရော်နယ်ယ်ဒင်ဟိုသည် ကမ္ဘာပေါ်တွင် ဝင်ငွေအများဆုံးရရှိသည့် ဘောလုံးသမားအဖြစ် ဒေးဗစ်ဘက်ဟမ်း၏ နေရာကို လွဲပြောင်း ရယူလိုက်ကြောင်း ယနေ့ထုတ်ဝေသည့် ဖိုးဘီးမဂ္ဂဇင်းတွင် ရေးသားဖော်ပြသည်။

ဘရာဇီးလူမျိုး ရော်နယ်ယ်ဒင်ဟိုသည် ၂၀၀၆ ခုနှစ်တွင် ဝင်ငွေ ယူရို ၂၃ ဒသမ ၅ သန်း (အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၃ သန်း) ရရှိခဲ့ကြောင်း၊ အင်္ဂလန်အသင်း၏အသင်းခေါင်းဆောင်ဟောင်း ဘက်ဟမ်းမှာမူ ယူရို ၂၃ဒသမ၂သန်း (ဒေါ်လာ ၃၀ဒသမ ၉သန်း) ဝင်ငွေရရှိခဲ့ကြောင်း အဆိုပါမဂ္ဂဇင်းတွင် ရေးသားဖော်ပြသည်။

သို့ရာတွင် ရီးယဲလ်မဒရစ်အသင်းတွင် ပါဝင်ကစားနေသူ ဘက်ဟမ်း၏ ဝင်ငွေသည် လာမည့်နှစ်တွင် ရော်နယ်ဒင်ဟိုထက် ပိုမိုများပြားလာနိုင်သည်။ အကြောင်းမှာ ဘက်ဟမ်းသည် ယခုနွေရာသီတွင် အမေရိကန်နိုင်ငံ အခြေစိုက် လော့စ်အိန်ဂျလိစ် ဂယ်လက်ဇီအသင်းသို့ ပြောင်းရွှေ့ရန်ရှိသောကြောင့် ဖြစ်သည်။ ဘက်ဟမ်းသည် အဆိုပါအသင်းသို့ အသင်းပြောင်းရွှေ့ကြေးဒေါ်လာ ၂၅ သန်းဖြင့် ရွှေ့ပြောင်းမည်ဖြစ်ကြောင်း ကန်ထရိုက်စာချုပ်သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ **အင်တာနက်**

**ဘာစီ လိုနာအသင်း မှ ဘရာဇီး လူမျိုး ဘောလုံး သမား ရော် နယ်လ် ဒင်ဟို။**

*(ဓာတ်ပုံ-အင်တာနက်)*



## ဘဝတစ်သက်တာထူးချွန်ဆု ဘက်ကင်ဘောင်ဝါရရှိ

**ဘာလင် မတ် ၃၀**

ဂျာမန်လူမျိုး အထင်ကရ ဘောလုံးသမားဟောင်း ဖရန့်ဘက်ကင်ဘောင်ဝါသည် ဘဝတစ်သက်တာ ထူးချွန်သည့် အားကစားသမားဆုအတွက် ရွေးချယ်ခံရကြောင်း ယနေ့ အင်တာနက်သတင်း၌ ဖော်ပြသည်။

### ပါဝင်လှုပ်ရှား

အသက် (၆၁)နှစ်အရွယ်ရှိ ဘက်ကင်ဘောင်ဝါသည် ဘေယန်မြူးနစ်အသင်း၏ဥက္ကဋ္ဌဖြစ်သည်။ ဘက်ကင်ဘောင်ဝါသည် ၁၉၇၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဂျာမနီအသင်း ဘောလုံးသမားအဖြစ် လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် ယင်းအသင်း၏ နည်းပြအဖြစ်လည်းကောင်း ပါဝင်လှုပ်ရှားခဲ့သူဖြစ်သည်။

ဘက်ကင်ဘောင်ဝါ၏ ထူးချွန်မှုနှင့် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို စီစဉ်ကျင်းပရာတွင် ပံ့ပိုးကူညီပေးမှုတို့အတွက် ယင်းဆုကို ရရှိခြင်းဖြစ်သည်။

### ရွေးချယ်

လောရပ်စ် ကမ္ဘာ့အားကစားထူးချွန်ဆုကို ဒိုင်ဆလာခရိုက်စလာကုမ္ပဏီက ကမကထပြု၍ ၁၉၉၉ ခုနှစ်တွင် တီထွင် ပြဋ္ဌာန်းခဲ့သည်။ ဘဝ တစ်သက်တာ ထူးချွန်သည့် အားကစားသမားအဖြစ် နှစ်စဉ် ရွေးချယ်ပေးသည်။ **အင်တာနက်**

## ဂယ်ရီနဗီးလ် ခြေချင်းဝတ် ထိခိုက်ဒဏ်ရာရ

**မန်ချက်စတာ မတ် ၃၀**

မန်ချက်စတာယူနိုက်တက်အသင်း၏ အသင်းခေါင်းဆောင် ဂယ်ရီနဗီးလ်သည် ခြေကျင်းဝတ်အရွတ် ထိခိုက် ဒဏ်ရာရရှိထားသဖြင့် ရက်သတ္တသုံးပတ်ကြာမျှ ဘောလုံးကစားနိုင်မည်မဟုတ်ကြောင်း ယနေ့ အင်တာနက်သတင်းက ဖော်ပြသည်။

အင်္ဂလန်အသင်း၏ နောက်တန်းဘောလုံးသမား တစ်ဦးလည်းဖြစ်သူ နဗီးလ်သည် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်က ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မန်ချက်စတာ ယူနိုက်တက်အသင်းမှ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသော ဂိုးသမား အက်ဒွင်ဗန်ဒါးဆားနှင့် တိုက်စစ်မှူး အိုလီဂန်နာဆိုးလ်ရှားတို့မှာမူ ပြန်လည် ကွင်းဆင်းလာပြီဖြစ်ရာ ဘလက်ဘန်းအသင်းနှင့် ယှဉ်ပြိုင်ကစားရသည့်ပွဲ၌ ပါဝင်ကစားကြပြီးဖြစ်ဖြစ်သည်။

**အင်တာနက်**

**မန်ယူအသင်းခေါင်းဆောင် ဂယ်ရီနဗီးလ်။**

*(ဓာတ်ပုံ-အင်တာနက်)*



# ဝန်ကြီး ဦးအောင်သောင်း ပဲခူးတိုင်းရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး နိုင်ငံတော်စီမံကိန်းစက်ရုံများ တိုးတက်အောင်ဆောင်ရွက်ကြရန် မှာကြား

ရန်ကုန် မတ် ၃၁

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက် ၈ နာရီခွဲတွင် ပဲခူးတိုင်းရေတာရှည်မြို့နယ်ရှိ ရေနီအမှတ်(၂) စက္ကူစက်ရုံအနီး အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း တစ်နေ့တန် ၈၀ စက္ကူညိုစက်ရုံနှင့် တစ်နေ့တန် ၅၀ ဓာတုစက်ကြိတ် ပျော့ဖတ်စက်ရုံစီမံကိန်း(ရေနီ)စီမံကိန်းသို့ ရောက်ရှိသည်။**

ရှေးဦးစွာ ရှင်းလင်းဆောင်ခန်းမ၌ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က မြို့ပြဆိုင်ရာ အဆောက်အအုံများ တည်ဆောက် ပြီးစီးမှု၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ တည်ဆောက်ပြီးစီးမှုနှင့် စက်ပစ္စည်းများ ရောက်ရှိမှုများကို တင်ပြကြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စီမံကိန်းလုပ်ငန်းအတွက် တပ်ဆင်အသုံးပြုရန် ရောက်ရှိနေသော စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် လုပ်ငန်းခွင်အတွင်း သစ်ဖြတ်စပြုပြင်ရေး အဆောက်အအုံ၊ သစ်ပျော့ဖတ်ပြုပြင်ရေး အဆောက်အအုံ ဝါးချက်အိုးနှင့် ရေဆေးဌာန အဆောက်အအုံ၊ ဓာတ်ဆားပြန်ထုတ် ဘွိုင်လာဌာနများ၏ အဆောက်အအုံ တည်ဆောက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး သတ်မှတ်ကာလတွင် ပြီးစီးအောင်တည်ဆောက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပဲခူးတိုင်း ဇေယျဝတီမြို့ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဇေယျဝတီ သကြားစက်ရုံသို့ရောက်ရှိပြီး ကြိတ်လုံးဌာန၏ စက်ပစ္စည်းများ ပြုပြင်တပ်ဆင်မှုများကိုလည်းကောင်း၊ တွင်ခုံစက်ကြီးများဖြင့် အချောသပ်လုပ်ကိုင်နေမှုကိုလည်းကောင်း၊ ဘွိုင်လာဌာနရှိ ပိုက်လိုင်းများ ပြုပြင်တပ်ဆင်နေမှုများကိုလည်းကောင်း၊ မော်တာဒိုင်နမိုများ ပြုပြင်မှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကြံရာသီမရောက်မီ စက်လည်ပတ်နိုင်ရန်အတွက် ယခုကတည်းက ကြိုတင်စီမံဆောင်ရွက်မှုများ ပြုလုပ်ထားကြရန် မှာကြားသည်။

ထို့နောက် စက်ရုံမှူးနှင့် တာဝန်ရှိသူများက အိုင်တုံကွမ်းကြံကေ ၁၀၀၀ စီမံကိန်း၏ စိုက်ပျိုးမည့် အခြေအနေနှင့် စိုက်ပျိုးရေရရှိနိုင်မှုနည်းလမ်းများကို တင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိုက်ထွန်း လိုက်ပါ၍ ပဲခူးတိုင်း ဒိုက်ဦးကော်မှုန့်စက်ရုံသို့ ရောက်ရှိရာ စက်ရုံရှင်းလင်းခန်းမဆောင်၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများက ပီလောပီနံစိုက်ပျိုးထားရှိမှု၊ စိုက်ပျိုးမြေများ ပြုပြင်မှုနှင့်ရေရရှိနိုင်မှု၊ ဂလူးကို့စ်ထုတ်လုပ်မှု အခြေအနေများကိုတင်ပြကြပြီး ဝန်ကြီးက နိုင်ငံတော်စီမံကိန်းများကို တိုးတက်အောင် ဆောင်ရွက်ကြရန်နှင့် အနီးကပ်ကွပ်ကဲဆောင်ရွက်မှုများ ပြုလုပ်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တပ်မတော်ပန်းခြံအား အများပြည်သူများ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် ဆက်လက် ဖွင့်လှစ်ပေးထား

နေပြည်တော် မတ် ၃၁

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား ကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်း အတွင်းရှိ တပ်မတော်ပန်းခြံအား မတ် ၂၇ ရက်မှ စတင်ဖွင့်လှစ် ပြသလျက်ရှိရာ ဧပြီ ၅ရက်အထိ ဆက်လက်ဖွင့်လှစ်ပေးထားမည်ဖြစ်ပြီး နံနက် ၇နာရီမှ ည ၉နာရီအတွင်း အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# NLD ဗဟိုဌာနချုပ်သို့ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က နေ့စဉ်ဝင်၊ ထွက် ဆက်သွယ်နေ ၂၀၀၇ ခုနှစ် မတ်လအတွင်း ၎င်းသံရုံးနှစ်ခုမှ (၂၉)ကြိမ် ဝင်ရောက်မှုရှိခဲ့ NLD ဗဟိုသည် ပါတီဝင်တို့၏သဘောထား၊ ပြည်သူတို့၏ သဘောထားများကို အလေးဂရုပြု၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံနှင့် လူမျိုးအား နယ်ချဲ့ကျွန်ဘဝ၊ ကိုလိုနီနောက်မြီးဆွဲဘဝသို့ ပို့ဆောင်လျက်ရှိ

ရန်ကုန် မတ် ၃၁

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဗဟိုသည် ပြည်တွင်းရှိ ပါတီဝင်တို့၏ သဘောထား၊ မြန်မာပြည်သူတို့၏ သဘောထားများကို အလေးဂရုပြု၍ နိုင်ငံတော်အစိုးရနှင့် လက်တွဲကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းမပြုဘဲ တစ်မျိုးသားလုံး နယ်ချဲ့ကျွန်ဘဝ၊ ကိုလိုနီနောက်မြီးဆွဲဘဝသို့ ရောက်အောင်ပို့ဆောင်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများ (အထူးသဖြင့်) အနောက်တိုင်းနိုင်ငံကြီးများကို အားထားမှီခိုလွန်းလျက်ရှိကြောင်း ယင်းပါတီ၏ လုပ်ရပ်များက သက်သေပြလျက်ရှိသည်။

NLD ဗဟိုအနေဖြင့် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ် ဆက်သွယ်၍ ယင်းသံရုံးများမှတစ်ဆင့် ညွှန်ကြားချက်များရယူပြီး နိုင်ငံနှင့် လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း နာခံလိုက်နာ လုပ်ဆောင်လျက်ရှိသည်ဟု ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုများကို မပြတ်ကြည့်ရှု သတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့၏ ဇန်နဝါရီလအတွင်း ဝင်၊ထွက်မှု ၃၄ ကြိမ်၊ ဖေဖော်ဝါရီလအတွင်း ဝင်၊ထွက်မှု ၁၈ ကြိမ် ရှိခဲ့ကြောင်း သတင်းများ ထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။

မတ်လအတွင်း အမေရိကန်နှင့် ဗြိတိန်သံရုံးတို့မှ NLD ဌာနချုပ်သို့ ၂၉ ကြိမ် လာရောက်၍ NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ် ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အာရုံကြောစနစ် ချွတ်ယွင်းမှုဆိုင်ရာ ရောဂါဝေဒနာများကို လေ့လာနေသည့် ဇီကျန်းတက္ကသိုလ်မှ ပညာရှင်တစ်ဦးအား တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)




## အင်တာနက် ကျန်းမာရေးသတင်း

# အာရုံကြောဆိုင်ရာ အားနည်းသော ရောဂါ ချင်းနှင့် ဟင်းခတ်အမွှေးအကြိုင်က သက်သာစေနိုင်

ဟန်ကျိုး မတ် ၃၁

ချင်းနှင့် ဟင်းခတ်အမွှေးအကြိုင်သည် ကနေဒီရောဂါခေါ် အာရုံကြောဆိုင်ရာ အားနည်းသောရောဂါ ခံစားနေရသူများကို ဝေဒနာမှ သက်သာစေနိုင်သည့် အလားအလာများရှိနေကြောင်း သုတေသီများက လေ့လာရာတွင် တွေ့ရှိကြရသည်။

ဟင်းခတ်အမွှေးအကြိုင် ကာကူမင်ခေါ် ပစ္စည်း၌ အေအက်စီ–ဂျေနိုင်း (ASC-J9)ခေါ် ဓာတ်ပစ္စည်းတစ်မျိုး ပါရှိသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

**သာယာမည်**

**နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။**